မုံရွာမြို့

လယ်တီဆရာတော်ဘုရားကြီး၏

တပည့်

ဦးနန္ဒိယထေရ်အရှင်

ဖွင့်ပြစီရင်တော်မူအပ်သော

# ဝိပဿနာလက်စွဲ

၃၆၄
ဒ

ရန်ကုန်မြို့
ဟံသာဝတီပုံနှိပ်တိုက်

၁၃၂၆-ခု၊ (သာသနာ ၂၅၀၈) ၁၉၆၅-ခု၊

ဟံသာဝတီ

(၂၇၄)

ဝိပဿနာလက်စွဲ

မုံရွာမြို့
လယ်တီဆရာတော်ဘုရားကြီး၏
တပည့်

ဦးနန္ဒိယထေရ်အရှင်
ဖွင့်ပြစီရင်တော်မူအပ်သော

# ဝိပဿနာလက်စွဲ

ရန်ကုန်မြို့
ဟံသာဝတီပုံနှိပ်တိုက်
၁၃၂၆-ခု (~~သာသနာ~~-၂၅၀၈) ၁၉၆၅-ခု

ဝိပဿနာလက်စွဲ ပုံနှိပ်ခြင်း

ပထမအကြိမ် - ၁၉၄၈

ဒုတိယအကြိမ် - ၁၉၅၅

တတိယအကြိမ် - ၁၉၆၅

Made and Printed in the Union of Burma
by the Hanthawaddy Press, Rangoon,

★

ရန်ကုန်မြို့၊ အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်ရှိ
ဟံသာဝတီပုံနှိပ်တိုက်အတွက် (မှတ်ပုံတင်အမှတ် ၀၀၀၃-
၀၀၀၄) ဦးဇော်ဝင်းက ပုံနှိပ်ထုတ်ဝေသည်။

# နိဒါန်း

မြို့လှ-သူကြီးမင်းနှင့် တကွ ဦးဘိုးလှစသော ဒါယကာအပေါင်း သစ်ခေါင်းကတော် မယ်ရွှေအိမ်တို့သည် ကူးတို့လက်ဆောင် မရှောင်သာအလုပ် ခန္ဓာကိုယ် ဝန်ထုပ်အတွက်နှင့် သံသရာဝဲဂယက်မှ ထွက်မြောက်ရန် ရည်သန်သည်တချက်,ဒေသနာအနက် အကွက်ကျ လိုရင်း နှလုံးသွင်းတရား အသားအဆီ ယူလိုသည် တကြောင်း၊ ၎င်းနှစ်ဝ နှစ်ဌာနနှင့် မြို့လှ၏မြောက် မြေပေါက်-ပင်ပျို စိမ်းစိုရှင်လန်း ပန်းဇလတ္တာ မာလာ အင်ကြင်း ထုံသင်းပျံ့မွှေး ယဉ်ကျေးသာယာ ပျော်မွေ့ရာ ကောင်းလှသော သဲဖြူချောင်း၏အနီး အပြီး ဆောက်ခါ သဒ္ဓါကြည်ဖြူ ပေးလှူကြသော ဝိဟာရမှာ ဝါဆိုသည့်အခါ ဝိပဿနာ ဒါယကာအသင်းက နှလုံးသွင်းအလုပ် အကျဉ်းချုပ်တရား လျှောက်ထားတောင်းပန်ရာ မုံရွာမြို့ လယ်တီဆရာတော်ဘုရားကြီး၏ တပည့် ဦးနန္ဒိယသည် ဓမ္မအမှန့် နိဗ္ဗာန်ဝင် လမ်းပေါက်အတိုကောက်လက်စွဲ အမြဲကြည့်ရန် ရည်သန်စိတ်ထားနှင့် ရေးသား စီရင်တော်မူကြောင်း။

ဓမ္မအရသာ ရှာလေ့ရှိသော ဝိပဿနာအသင်းသားစပါးပွဲစား မောင်ဘိုးထုံး ရှင်ပြိုးကြည်ဖြူ ရူပကာယဓမ္မအစု ရှု၍မညီး ဇနီးမယ်သောင် တူမောင်နှံ့တို့သည် နိဗ္ဗာန်ဝင် လမ်းပေါက် အတိုကောက်လက်စွဲ အမြဲကြည့်ရန် ရည်သန်စိတ်ထားနှင့် ဟောကြားသော တရားကို လူအများတို့ မှတ်သားစေခြင်းငှါ စာအုပ်ငယ်

တခု ပြုလုပ်၍ ထုတ်ဝေလိုကြောင်းနှင့် လျှောက်ထား တောင်းပန်ကြသည်ဖြစ်၍ ပဏ္ဏာမနိဂုံး စီကုံးဖြည့်စွက် အနက်ပါဠိ ဆိုင်ရာမှာ ထည့်၍ ဝိပဿနာတရား မြင်လုံးထွားအောင် ရေးသားစီရင်တော်မူအပ်သော **ဝိပဿနာ လက်စွဲကျမ်း** ဖြစ်သတည်း။

# ဝိပဿနာလက်စွဲ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ဝိပဿနာလက်စွဲ ဆောင်ပုဒ်

### ရှုပ်အခက်း

၁။ ဝေနေယျအား၊မြင်လိုးထွားအောင်၊ဝိပဿနာ တရား၊ ဟောကြားနိုင်သော၊ စောထွတ်ရတနာ၊ မြတ်ဗုဒ္ဓါကို၊ သဒ္ဓါညွတ်ကျိုး၊ လက်စုံမိုး၍၊ ရှိလျှင်ခိုးသည်၊ ဤတွင်အစ၊ ပဏာမတည်း။

၂။ ပထဝီ,အာပေါ၊ တေဇော,ဝါယော၊ ဓာတ်သဘောမှာ၊ ခက်မာ,ဖွဲ့စေး၊ပူဒေး,ထောက်ကန်၊ လေးတန်လက္ခဏာ၊သိကြောင်းပြသည်၊လေးဝဓာတ်ရင်း သဘောတည်း။

၃။ ဓာတ်ကြီးလေးပါး၊ ဖြစ်လာငြားက၊ ဝဏ္ဏ,ဂန္ဓ၊ ရသ,သြဇာ၊ ဤလေးဖြာ၊ မြဲစွာ ပါမြဲတည်း။

၄။ ထိုဓာတ်ရှစ်ပါး၊ မပြားမကွဲ၊ တသားထဲမှတ်၊ အဋ္ဌကလာပ်၊ ဓာတ်စုဘခု၊ ခေါ်ရိုးပြုကြ၊ နှိုင်းတုစရာ၊ ပမာမရ၊ သေးငယ်လှသော၊ သဘောမျှသာတည်း။

၅။ အဋ္ဌကလာပ်၊ ဓာတ်စုအပေါင်း၊ ထောင်သောင်းမက၊ အနန္တများစွာ၊ပေါင်းစုလာသော်၊အမာ,အပြော့၊ အပေါ့,အလေး၊အသေး,အကြီး၊အနည်းနည်း အထွေထွေ၊ပွေပွေလီလီ၊အရည်,အဖတ်၊ ဒြပ်သဏ္ဍာန်၊ ပေါ်လာပြန်သည်၊ မှားရန်အကြောင်း နိမိတ်တည်း။

၆။ သဏ္ဌာန်နှင့်ဒြပ်၊ဖြစ်ပေါ်လတ်က၊ဓာတ်လေးပါး အနက်၊ ပထဝီထက်လျှင်၊ မာမြဲပင်၊ နှံ့လျှင် ပြော့လေ၏။ ။အာပေါထက်လျှင်၊ အရည်ပင်၊ နှံ့လျှင်ခဲလေ၏။ ။တေဇောထက်လျှင်၊ပူဧးပင်၊နှံ့လျှင်မျှတ၏။ ။ဝါယောနှံ့က၊ ငြိမ်ဝပ်စွာ၊ လွန်ကလှုပ်ရှား၊ ပြေးလွင့်သွားသည်၊ လေးပါးဓာတ်ရင်း သဘောတည်း။

၇။ ကံ,စိတ်,ဥတု,၊ အာဟာရဟု၊ အကြောင်းလေးခု၊ ကျေးဇူးပြု၍၊လူ၏ကိုယ်မှာ၊ မြန်စွာခဏ၊ ဖြစ်ကပျက်ပြန်၊ မီးလျှံအသွင်၊ ရေအယဉ်ပမာ၊ ရုပ်ခန္ဓာသည်၊ ဘယ်ခါမစဲ၊ ဖြစ်ပျက် မြဲတည်း။

၈။ မြေ,ရေ,သစ်ပင်၊ မြင်မြင်သမျှ၊ ဗဟိဒ္ဓမှာ၊ လုံးဝအုပ်စုံ၊ အကုန်ပေါင်းစု၊ ရုပ်ဖြစ်မှုသည်၊ ဥတုတေဇော အကြောင်းတည်း။

၉။ သမူဟ,ဥပါဒါန်၊ သဏ္ဌာန်,သန္တတိ၊ စသည့်အပြား၊ လူအများသည်၊ ခေါ်ဝေါ်မှတ်သား၊ ပညတ်ထားသတည်း။

၁၀။ ပညတ်,ပရမတ်၊ အတပ်မြင်သိ၊ ဉာဏ်နှင့်ကြည့်မှ၊ အနိစ္စကို၊ ဒိဋ္ဌမှန်စွာ၊ မြင်နိုင်ရာသည်၊ ပညာအချက် စခန်းတည်း။

ရုပ်အခဏ်းပြီး၏။

---

## နာမ်အခဏ်း

၁၁။ စက္ခု,သောတ၊ ဃာန,ဇိဝှါ၊ကာယ-ငါးလီ၊ ရုပ်အကြည်တည့်၊ တလီမှတ်လော၊ မနောအကြည်၊ ဘဝင်စိတ်ပေတည်း။

၁၂။ အဆင်း,ရူပ၊ သဒ္ဒ-အသံ၊ အနံ့-ဂန္ဓ၊ရသ-အရသာ၊ အတွေ့-ဖောဋ္ဌဗ္ဗ၊ငါးဖြာအစုံ၊ရုပ်အာရုံပင်၊ မနောဝိညာဉ်၊ ဆင်ခြင်တုံက၊ သိသမျှအကုန်၊ ဓမ္မာရုံပေတည်း။

၁၃။ အကြည်ခြောက်စုံ၊ အာရုံခြောက်ပါး၊ထိခိုက်ငြားက၊ ခြောက်ပါးဝိညာဉ်၊ အစဉ်မပြတ်၊ လျှပ်ရောင်ပမာ၊ နာမ်ခန္ဓာသည်၊ ဆိုင်ရာအသီးအသီး၊ ဖြစ်ပျက်ကြသတည်း။

၁၄။ စက္ခု,ရူပါရုံ၊ နှစ်ပါးဆုံလျှင်၊ စက္ခုဝိညာဉ်၊ ပေါ်မြဲပင်၊ ပေါ်လျှင်မလွဲ၊ ချုပ်ပျက်မြဲတည်း။

၁၅။ သောတ,သဒ္ဒါရုံ၊ နှစ်ပါးဆုံလျှင်၊ သောတဝိညာဉ်၊ ပေါ်မြဲပင်၊ ပေါ်လျှင်မလွဲ၊ ချုပ်ပျက်မြဲတည်း။

၁၆။ ဃာန,ဂန္ဓာရုံ၊နှစ်ပါးဆုံလျှင်၊ဃာနဝိညာဉ်၊ ပေါ်မြဲပင်၊ ပေါ်လျှင်မလွဲ၊ ချုပ်ပျက်မြဲတည်း။

၁၇။ ဇိဝှါ,ရသာရုံ၊နှစ်ပါးဆုံလျှင်၊ ဇိဝှါဝိညာဉ်၊ ပေါ်မြဲပင်၊ ပေါ်လျှင်မလွဲ၊ ချုပ်ပျက်မြဲတည်း။

၁၈။ ကာယ,ဖောဋ္ဌဗ္ဗာရုံ၊ နှစ်ပါးဆုံလျှင်၊ကာယဝိညာဉ်၊ ပေါ်မြဲပင်၊ ပေါ်လျှင်မလွဲ၊ ချုပ်ပျက်မြဲတည်း။

၁၉။ မနော,ဓမ္မာရုံ၊နှစ်ပါးဆုံလျှင်၊မနောဝိညာဉ်၊ ပေါ်မြဲပင်၊ ပေါ်လျှင်မလွဲ၊ ချုပ်ပျက်မြဲတည်း။

၂၀။ ဝိညာဉ်ငါး၀၊ ကြွင်းသမျှကို၊ မနောဝိညာဉ်ဆို၏၊ ထိုစိတ်ခြောက်ပါး၊ တခြားစီသာ၊ ဖြစ်ကြရာသတည်း။

နာမ်အခဏ်း ပြီး၏။

## တိုက်တွန်းခက်း

၂၁။ နာမ်,ရုပ်နှစ်ပါး၊ ယောက်ျား, မိန်းမ၊ အတ္တ, ဇီဝ၊ ဘာမျှမရှိ၊ ဉာဏ်နှင့်ကြည့်သော်၊ ခဏအတိသာ၊ ရှိချေ၏တကား။

၂၂။ နာမ်,ရုပ်နှစ်တန်၊ သူဖြစ်ဟန်ကို၊ အမှန်ဒိဋ္ဌ၊ မသိကြ၍၊ ငါထ ငါထိုင်၊ ငါကိုင် ငါသွား၊ ငါကြား ငါကြည့်၊ ငါသိ ငါမြင်၊ ခဏဖြစ်အင်ကို၊ ငါပင်မှုချ၊ မှတ်ထင်ကြသည်၊ သက္ကာယဒိဋ္ဌိ၊ စွဲလမ်းမှုကြီးပါတကား။

၂၃။ ဒိဋ္ဌိသက္ကာယ၊ မဂ္ဂာသမျှလေးဝ အပါယ်၊ ရောက်ဦးမယ်၊ နင်ဝယ်သတိထား၊ သို့အလားကြောင့်၊ မြတ်ဘုရားက၊ ရင်ဝမှာလှံစူး၊ ထိပ်ဦး မီးလောင်၊ မရှောင်အဟုတ်၊ နောက်မဆုတ်ဘဲ၊ အားထုတ်ရန်သဘောကို၊ "သတ္တိယာ ဝိယ ဩမဋ္ဌော"ဟု၊ ဟောကြားတော်မူခဲ့ပြီတကား။

၂၄။ နာမ်,ရုပ်နှစ်ခု၊ နှစ်ဖို့ပြု၍၊ ရုပ်စု, နာမ်စု၊ တခုခု၌၊ ကြံဖန်စေ့ငု၊ စိုက်၍ရှုမှ၊ ခဏရင်းမူလ၊ သဘာဝကို၊ ဒိဋ္ဌမသွေ၊ မြင်နိုင်ချေမည်တကား။

၂၅။ သဏ္ဍာန်,အဆင်း၊ ခုခံလျှင်းက၊ ဉာဏ်နှင့်ရှင်း၍၊ အတင်းရှုမှ၊ အနိစ္စကို၊ ဒိဋ္ဌမသွေ၊ မြင်နိုင်ချေမည်တကား။

၂၆။ အကြည်ခြောက်စုံ၊ အာရုံဆိုက်က၊ ခြောက်ဝဝိညာဉ်၊ အစဉ်ဖြစ်မှု၊ ဖမ်းယူရှုမှ၊ အနိစ္စကို၊ ဒိဋ္ဌမသွေ၊ မြင်နိုင်ချေမည်တကား။

၂၇။ ရုပ်,နာမ်မွေ၊ အနိစ္စကို၊ ဒိဋ္ဌမြင်က၊ အနတ္တကို၊ မုချမြင်၍၊ ငါပင်မဟုတ်၊ နာမ်ရုပ်နှစ်ခု၊ ခေတ်အစုသာ၊ ဖြစ်ပါတကား၊ မြင်လုံးထွားသဖြင့်၊ သက္ကာယတရား၊ လွင့်စင်ရှားလေ၏တကား။

၂၈။ ဒိဋ္ဌိသက္ကာယ၊ တဒင်္ဂပဟာန်၊ ကွာပြန်မူက၊ စူဋ္ဌသောတာပန်၊ သမုစ္ဆေဒပဟာန်၊ ကွာပြန်ငြားက၊ အပါယ်လေးပါး၊ တံခါးပိတ်၍၊ နိဗ္ဗာန်အဝင်၊ ဘုံစဉ်စံ ပုဂ္ဂိုလ်၊ ဝိသာခါလို၊ ငါတို့ဖြစ်ရချေ၏တကား၊

၂၉။ မကွေ့မထောင့်၊ လမ်းဖြောင့်တရား၊ တွေ့ပါသားနှင့်၊ အများရှုးတိုင်း၊ နှင်မရှုးနှင့်၊ ထူးသည့်အခါ၊ ဝိပဿနာကို၊ ခါခါပွားမှ၊ သွားမည့်သံသရာ၊ အစဉ်ပါမည်၊ နှင်သာသတိထား။

၃၀။ သဲဖြူလယ်တီ၊ တောရမှီသည့်၊ မဟောရိငါသည်၊ စီရင်အပ်သော၊ ဝိပဿနာ၊ ကဗျာသုံးဆယ်၊ ဝါလယ်-တော်သလင်း၊ လအတွင်းဝယ်၊ ခုနစ်ဆယ်ပြည့်၊ ဤတွင်၍လျှင်၊ ပြီးအောင်မြင်၏တကား။

**မှတ်ချက်။** ။ဤပုဒ်ပေါင်း သုံးဆယ်ကို အရကျက်၍ အဖြေ၏အတွက်ကို အကွက်ကျမှတ်ရလေ။

တိုက်တွန်းခဏ်း ပြီး၏။

ဤတွင် ဝိပဿနာလက်စွဲ ဆောင်ပုဒ်ပြီး၏။

# ဆောင်ပုဒ်သုံးဆယ်အဖြေ

## ရုပ်ကိုဖြေဆိုခဏ်း

### ၁-ဓာတ်ကြီး ၄-ပါး

**မေး။** ။ဓာတ်ကြီး ၄-ပါးကို ပြောပြပါ။

**ဖြေ။** ။ပထဝီဓာတ်, အာပေါဓာတ်, တေဇောဓာတ်,ဝါယောဓာတ်-ဟူ၍ ၄-ပါး ရှိပါသည်၊

**မေး။** ။ဓာတ်ကြီး ၄-ပါး၏ သဘောကို ပြောပြပါ။

**ဖြေ။** ။ပထဝီဓာတ်သည် မာခြင်းသဘော အမူအရာမျှသာ ရှိပါသည်၊အာပေါဓာတ်သည် ဖွဲ့စေးခြင်းသဘော အမူအရာမျှသာ ရှိပါသည်၊ တေဇောဓာတ်သည် ပူခြင်း,ဧးခြင်းသဘောအမူအရာမျှသာ ရှိပါသည်၊ ဝါယောဓာတ်သည် ထောက်ကန်ခြင်းသဘော အမူအရာမျှသာ ရှိပါသည်။

ထို့ကြောင့် ''ပထဝီ, အာပေါ၊ တေဇော, ဝါယော၊ဓာတ်သဘောမှာ ခက်မာ-ဖွဲ့စေး၊ ပူဧး-ထောက်ကန်၊လေးတန်လက္ခဏာ၊သိကြောင်းပြသည်၊ လေးဝဓာတ်ရင်း သဘောတည်း''ဟုဆိုပါသည်။

**မှတ်ချက်။** ။သဘောကား ဓာတ်၏အစွမ်းတည်း၊ အမူအရာကား သဘော၏ ဖြစ်မှု, ပျက်မှုတည်း။

---

### ၂-ဓာတ်ကြီး ၄-ပါးနှင့် အစဉ်ပါသောရုပ်

**မေး။** ။ဓာတ်ကြီး ၄-ပါး ဖြစ်ပေါ်လျှင် အစဉ်ပါသောရုပ်ကို ထုတ်၍ပြပါ။

ဖြေ။ ။မီးတောက်ဖြစ်ပေါ်လျှင် မီးရောင်ဖြစ်ပေါ်လာသကဲ့သို့ ဝဏ္ဏ,ဂန္ဓ,ရသ,ဩဇာ-ဟူသော ရုပ်၄-ပါးသည် ဓာတ်ကြီး ၄-ပါးဖြစ်ပေါ်လာလျှင် အစဉ်ပါပါသည်။

ထို့ကြောင့်''ဓာတ်ကြီးလေးပါး၊ဖြစ်လာငြားက၊ ဝဏ္ဏ, ဂန္ဓ၊ ရသ, ဩဇာ၊ ဤလေးဖြာ၊ မြဲစွာပါမြဲတည်း''ဟု ဆိုပါသည်။

မှတ်ချက်။ ။ဝဏ္ဏကား အဆင်း၊ ဂန္ဓကား အနံ့၊ ရသကား အရသာ၊ ဩဇာကား ဓာတ်ဆီ။

---

## ၃-အဋ္ဌကလာပ်ရုပ် ၈-ပါး

မေး။ ။ဘယ်ရုပ်များကို အဋ္ဌကလာပ်ရုပ် ခေါ်ပါသနည်း။

ဖြေ။ ။ဟင်းရည်၌ ငါးပိ,ဆီ,ဆား,ငါးအရသာတို့ကို တခုစီခွဲခြမ်း ဝေဘန်၍မရသကဲ့သို့ ခွဲခြမ်းမရ တလုံးတဝတည်း ရောနှော၍တည်ကြသော ပထဝီ, အာပေါ,တေဇော,ဝါယော,ဝဏ္ဏ,ဂန္ဓ,ရသ,ဩဇာ- ဟူသော ရုပ် ၈-ပါးကို ခေါ်ပါသည်။

မေး။ ။အဋ္ဌကလာပ်ရုပ်၏ အကြီး ပမာဏကို ပြပါ။

ဖြေ။ ။အလွန်တရာ သေးငယ်လှသော သဘောအမှုအရာကလေးမျှဖြစ်သောကြောင့် အကြီးပမာဏကို မပြနိုင်ပါ။

ထို့ကြောင့် ''ထိုဓာတ်ရှစ်ပါး၊မပြားမကွဲ၊တသားထဲမှတ်၊ အဋ္ဌကလာပ်၊ဓာတ်စုတခု၊ခေါ်ရိုးပြုကြ၊နှိုင်း

တုစရာ၊ပမာမရ၊ သေးငယ်လှသော၊ သဘောမျှသာ တည်း''ဟု ဆိုပါသည်။

**မှတ်ချက်။** ။ရုပ်ကလာပ် ခေတ်စုတခုတည်း ဖြစ်ခဲ့လျှင်သော် အလွန်တရာ သေးငယ်လှသော ကြောင့် မမြင်နိုင် မတွေ့နိုင်၊ များစွာပေါင်းစုမိလျှင် အဆင်းကိုမြင်ရပြန်သည်၊ မာခြင်း, ပူခြင်း, ဧးခြင်း, ထောက်ကန်ခြင်း သဘောတွေကို တွေ့ရပြန်သည်၊ သို့ပင်မြင်ရသော်လည်း အာကာသခြား၍ ပေါင်းစု ကာ နေကြသော ရုပ်ကလာပ်တွေကို တခုစီခွဲခြမ်း စိတ်ဖြာ၍ မြင်နိုင်သည်မဟုတ်။

ဥပမာကား—သဲပုံကြီးကို အဝေးကမြင်သကဲ့သို့ တည်း၊ သဲပုံကြီးကို အဝေးကမြင်ရာမှာ သူ့သဲမှုန် နှင့် သူ့အဆင်းကို ရှင်းလင်းအောင် မြင်နိုင်သည် မဟုတ်၊ သဲမှုန်၏အဆင်းတွေ ပေါင်းစု၍နေသော အဆင်းလုံးကြီးကိုသာ ဖြူဖြူဖွေးဖွေးကြီးဟု မြင်ရ သည်၊ စက္ခုဝိညာဉ်သည် တခုစီ ခွဲခြမ်းစိတ်ဖြာ၍ မမြင်နိုင်၊ မြင်နိုင်ခဲ့လျှင် ဖြစ်ပျက်မှုကိုလည်း မြင်နိုင် ရာ၏၊ ဤသို့ကား မမြင်နိုင်၊ မမြင်နိုင်သောကြောင့် ဝိပဿနာ ယောဂီပုဂ္ဂိုလ်တို့မှာ စက္ခုဝိညာဉ် မြင် လုံးကြီး ခုခံ၍နေကြလေသတည်း။

---

## ၄-ကလာပ်ပေါင်းစပ် ရုပ်ခြမ်

**မေး။** ။အဌကလာပ် ခေတ်စုအပေါင်း ထောင် သောင်းမက ပေါင်းစုမိလျှင် ဘယ်လို ဖြစ်ပေါ်လာပါသနည်း။

**ဖြေ။** ။အမာ, အပြော့၊ အပေါ့, အလေး၊ အသေး,အကြီး၊ အနည်းနည်း အထွေထွေ၊ ပွေပွေ

လီလီ၊ အရည်,အဖတ်၊ ဒြပ်,သဏ္ဍာန် အမျိုးမျိုးဖြစ်ပေါ်လာပါသည်။

ထို့ကြောင့်"အဋ္ဌကလာပ်၊ ဓာတ်စုံ အပေါင်း၊ ထောင်သောင်းမက၊ အနန္တများစွာ၊ ပေါင်းစုလာသော်၊ အမာ,အပြော့၊ အပေါ့,အလေး၊ အသေး, အကြီး၊ အနည်းနည်း အထွေထွေ၊ ပွေပွေလီလီ၊ အရည်,အဖတ်၊ ဒြပ်သဏ္ဍာန်၊ ပေါ်လာဖြန့်သည်၊ မှားရန်အကြောင်း နိမိတ်တည်း"ဟု ဆိုပါသည်။

---

၅—ဓာတ်ကြီး ၄-ပါးအစွမ်း

မေး။ ။အထည်ဝတ္ထု အစုစုတို့မှာ မာမှုသည် ဘယ်ဓာတ်၏ အစွမ်းဖြစ်ပါသနည်း။

ဖြေ။ ။ပထဝီဓာတ်၏ အစွမ်းဖြစ်ပါသည်။

မေး။ ။ပထဝီဓာတ်၏ အစွမ်း- ဟု အဘယ်ကြောင့် သိနိုင်ပါသနည်း။

ဖြေ။ ။ပထဝီ ဓာတ်သည် မာခြင်းသဘော ရှိသည်-ဟု ဆိုသောကြောင့် အမာတွေကို တွေ့ရသဖြင့် ပထဝီဓာတ်၏ အစွမ်း-ဟု သိရပါသည်။

မေး။ ။အရည် အမျိုးမျိုး ယိုစီး၍ နေမှုသည် ဘယ်ဓာတ်၏အစွမ်း ဖြစ်ပါသနည်း။

ဖြေ။ ။အာပေါဓာတ်၏အစွမ်း ဖြစ်ပါသည်။

မေး။ ။အာပေါဓာတ်၏ အစွမ်း-ဟု အဘယ်ကြောင့် သိနိုင်ပါသနည်း။

ဖြေ။ ။အာပေါဓာတ်သည် ဖွဲ့စေးခြင်းသဘော ရှိသည်-ဟု ဆိုသောကြောင့် အရည်အစေးတွေ ယိုစီး၍

နေသည်ကို တွေ့ရသဖြင့် အာပေါဓာတ်၏ အစွမ်း-ဟု သိရပါသည်။

**မှတ်ချက်။** ။စင်စစ်ကား အာပေါဓာတ်ကို မတွေ့ရ၊ ပထဝီဓာတ်ကိုတွေ့ရသည်၊ အာပေါဓာတ် ဖွဲ့စေးသော်လည်း ပထဝီဓာတ်နှံ့မှ အရည်အစေး ဖြစ်နိုင်သည်။

မေး။ ။အထည်ဝတ္ထု အစုစုတို့မှာ ပူဇေး၍နေမှုသည် ဘယ်ဓာတ်၏အစွမ်းဖြစ်ပါသနည်း။

ဖြေ။ ။တေဇောဓာတ်၏အစွမ်း ဖြစ်ပါသည်။

မေး။ ။တေဇောဓာတ်၏ အစွမ်း-ဟု အဘယ်ကြောင့် သိနိုင်ပါသနည်း။

ဖြေ။ ။တေဇောဓာတ်သည် ပူခြင်း, ဇေးခြင်းသဘောရှိသည်-ဟု ဆိုသောကြောင့် အပူ,အဇေးတွေကို တွေ့ရသဖြင့် တေဇောဓာတ်၏ အစွမ်း-ဟု သိရပါသည်။

မေး။ ။အထည်ဝတ္ထု အစုစုတို့မှာ ယိမ်းယိုင်လှုပ်ရှား၍ နေမှုသည် ဘယ်ဓာတ်၏ အစွမ်းဖြစ်ပါသနည်း။

ဖြေ။ ။ဝါယောဓာတ်၏အစွမ်း ဖြစ်ပါသည်။

မေး။ ။ဝါယောဓာတ်၏ အစွမ်း-ဟု အဘယ်ကြောင့် သိနိုင်ပါသနည်း၊

ဖြေ။ ။ဝါယောဓာတ်သည် ထောက်ကန်ခြင်းသဘောရှိသည်-ဟု ဆိုသောကြောင့် ဝါယော အဆင့်ဆင့် ကန်၍ယိမ်းယိုင် လှုပ်ရှား၍ နေသည်ကို တွေ့ရသဖြင့် ဝါယောဓာတ်၏ အစွမ်း-ဟု သိရပါသည်။

ထို့ကြောင့်“သဏ္ဍာန်ဒြဗ်၊ဖြစ်ပေါ်လတ်က၊ဓာတ်လေးပါးအနက်၊ ပထဝီထက်လျှင်၊ မာမြဲပင်၊ နို့လျှင်ပြော့လေ၏။ ။အာပေါထက်လျှင်၊ အရည်ပင်၊ နို့လျှင်ခဲလေ၏။ ။တေဇောထက်လျှင်၊ ပူဇေးပင်၊ နို့လျှင် မျှတ၏။ ။ဝါယောနို့က၊ ငြိမ်ဝပ်စွာ၊ လွန်က လှုပ်ရှား၊ ပြေးလွင့်သွားသည်၊ လေးပါးဓာတ်ရင်း သဘောတည်း”ဟု ဆိုပါသည်။

**မှတ်ချက်။** ။ယိမ်းယိုင် လှုပ်ရှားသည်ဟု ဆိုသောစကား၌ စင်စစ်ကား ယိမ်းယိုင်လှုပ်ရှားသည်မဟုတ်၊ နေရာပြောင်းလွဲ၍ ရုပ်ကလာပ် အဆင့်ဆင့်ဖြစ်၍ သွားမှုကိုယိမ်းယိုင်လှုပ်ရှားသည်ဟု ဆိုသတည်း၊ မှန်၏၊ နာမ်ရုပ်မည်သည်ကား *ဖြစ်ရာအရပ်၌ မချုပ်မူ၍ အရပ်တပါးသို့ ပြောင်းရွှေ့ခြင်းမရှိ။ ထို့ကြောင့်—

“န ဟိ ရူပါရူပဓမ္မာနံ ဥပ္ပါဒဒေသေ အနိရုဇ္ဈိတွာ ကေသဂ္ဂမတ္တံပိ ဒေသန္တရ သင်္ကမနံ နာမ အတ္ထိ။”

ဟု မိန့်ဆိုတော်မူ၏။

ဟိ၊ မှန်၏။ ရူပါရူပဓမ္မာနံ၊ ရုပ်နာမ်တရားတို့၏။ ဥပ္ပါဒဒေသေ၊ ဖြစ်ရာအရပ်၌၊ အနိရုဇ္ဈိတွာ၊ မချုပ်မူ၍။ ကေသဂ္ဂမတ္တံပိ၊ဆံခြည်ဖျားမျှလည်း။ဒေသန္တရ သင်္ကမနံနာမ၊ အရပ်တပါးသို့ ပြောင်းရွှေ့ခြင်းမည်သည်။ နအတ္ထိ၊ မရှိ။

---

## ၆—ရုပ်ဖြစ်ကြောင်း ၄-ပါး

**မေး။** ။ရုပ်ကိုဖြစ်စေတတ်သောအကြောင်း ဘယ်နှစ်ပါးရှိပါသနည်း။

---

* ဖြစ်ရာအရပ်၌ပင် ချုပ်စမြဲ-ဟု ဆိုလိုသည်။

ဖြေ။ ။ကံ, စိတ်, ဥတု, အာဟာရ-ဟူသော အကြောင်း ၄-ပါး ရှိပါသည်။

မေး။ ။၄-ပါးသောအကြောင်းကြောင့်ဖြစ်သော ရုပ်တို့သည် လူတို့၏ကိုယ်မှာ ဘယ်လို များဖြစ်ပျက်၍ နေပါသနည်း။

ဖြေ။ ။အဖြစ်အပျက်မြန်သောကြောင့်ပျက်သည် ဟုမထင်၊ မီးလျှံအသွင် ရေအယဉ်များကဲ့သို့ အစဉ် မပြတ် ဖြစ်ပျက်၍နေပါသည်။

ထို့ကြောင့် ''ကံ,စိတ်,ဥတု၊ အာဟာရဟု၊ အကြောင်းလေးခု၊ ကျေးဇူးပြု၍၊ လူ၏ကိုယ်မှာ၊ မြန်စွာခဏ၊ ဖြစ်ကပျက်ပြန်၊မီးလျှံအသွင်၊ရေအယဉ် ပမာ၊ရုပ်ခန္ဓာသည်၊ဘယ်ခါမစဲ၊ ဖြစ်ပျက်မြဲတည်း'' ဟု ဆိုပါသည်။

---

## စတုဇရုပ်ကိုပြဆိုချက်

### ၇-ကမ္မဇရုပ်ကလာပ် ၉-ပါး

စတုဇရုပ်ကို လုတ်ဖော်၍ပြအံ့၊ ကံကြောင့်ဖြစ်သော ရုပ်ကလာပ်ကား ၉-ပါးရှိ၏။

(၁) ဆိုခဲ့ပြီးသော ပထဝီ, အာပေါ, တေဇော, ဝါယော, ဝဏ္ဏ,ဂန္ဓ,ရသ,ဩဇာ-ဟူသော အဋ္ဌ ကလာပ်ရုပ်မှာ ဇီဝိတရုပ်ကိုထည့်၍ဇီဝိတနဝက ကလာပ်,

(၂) ထိုဇီဝိတနဝက ကလာပ်ကို မ-တည်ပြု၍ ဇီဝိတ နဝက ကလာပ်မှာ စက္ခုပသာဒရုပ်ကိုထည့် စက္ခုဒသက ကလာပ်,

(၃) ဇီဝိတနဝကကလာပ်မှာ သောတပသာဒရုပ်ကို ထည့်-သောတဒသက ကလာပ်,
(၄) ဇီဝိတနဝက ကလာပ်မှာ ဃာနပသာဒရုပ်ကို၊ ထည့်-ဃာနဒသက ကလာပ်,
(၅) ဇီဝိတနဝက ကလာပ်မှာ ဇိဝှါပသာဒရုပ်ကို ထည့်-ဇိဝှါဒသက ကလာပ်,
(၆) ဇီဝိတနဝက ကလာပ်မှာ ကာယပသာဒရုပ်ကို ထည့်-ကာယဒသက ကလာပ်,
(၇) ဇီဝိတနဝက ကလာပ်မှာ ဣတ္ထိဘာဝရုပ်ကို ထည့်-ဣတ္ထိဘာဝဒသက ကလာပ်,
(၈) ဇီဝိတနဝက ကလာပ်မှာ ပုမ္ဘာဝရုပ်ကိုထည့်-ပုမ္ဘာဝဒသက ကလာပ်,
(၉) ဇီဝိတနဝက ကလာပ်မှာ ဟဒယဝတ္ထုရုပ်ကို ထည့်-ဝတ္ထုဒသက ကလာပ်,

(၁) ကမ္မဇကလာပ်ပေါင်း ၉-ပါးဖြစ်၏၊ ထို ၉-ပါးတို့တွင် ဇီဝိတနဝက ကလာပ်သည် ပါစကဓာတ်မီး ဥသ္မာဓာတ်မီးတို့၌ တည်နေ၏။

ထို့ကြောင့်—

"အာယူတိ တေသု ဒွိသု အဂ္ဂိသု ပတိဋ္ဌိတံ ဇီဝိတမေဝ ဝုစ္စတိ"ဟု မိန့်ဆိုတော်မူ၏။

အာယူတိ၊အာယုဟူသည်ကား။တေသုဒွိသု အဂ္ဂိသု၊ ထိုနှစ်ပါးကုန်သောပါစကဓာတ်မီး,ဥသ္မာဓာတ်မီးတို့၌။ ပတိဋ္ဌိတံ၊ တည်သော။ ဇီဝိတမေဝ၊ ဇီဝိတရုပ်ကို သာလျှင်။ ဝုစ္စတိ၊ ဆိုအပ်၏။

စားသော အစာ စသည်ကို ကျိုချက်တတ်သော ဝမ်းမီးကို ပါစက တေဇောဓာတ်မီးခေါ်၏၊ ထိုပါစကတေဇောဓာတ်မီး၏ အပွားအစီးဖြစ်သော တကိုယ်လုံးပျံ့နှံ့၍နေသောကိုယ်စောင့်ဓာတ်မီးကို ဥသ္မာဓာတ်မီးခေါ်၏။

(၂) စက္ခုဒသက ကလာပ်သည် မျက်နက်ဝန်း အလယ် သန်းဦးခေါင်းပမာဏရှိသော အကွက် အရပ်မှာ တည်နေ၏၊ ထိုစက္ခုဒသက ကလာပ်ကိုစက္ခု အကြည်ဟူ၍လည်း ခေါ်၏။

(၃) သောတဒသက ကလာပ်သည် နားခေါင်း အတွင်း၌ လက်စွပ်ကွင်းသဏ္ဌာန်ရှိသော အမွေးနီ ပေါက်သော အရပ်မှာ တည်၏၊ ထို သောတဒသက ကလာပ်ကို သောတအကြည်ဟူ၍လည်း ခေါ်၏။

(၄) ဃာနဒသက ကလာပ်သည် နှာခေါင်း တွင်း၌ ဆိတ်ခွါသဏ္ဌာန်ရှိသော အရပ်မှာ တည်နေ၏။ ထိုဃာနဒသက ကလာပ်ကို ဃာနအကြည်ဟူ၍လည်း ခေါ်၏။

(၅) ဇိဝှါဒသက ကလာပ်သည် လျှာ၏ အလယ် ကြာရွက်ဖျား သဏ္ဌာန်ရှိသော အရပ်မှာ တည်နေ၏၊ ထိုဇိဝှါဒသက-ကလာပ်ကို ဇိဝှါအကြည် ဟူ၍လည်း ခေါ်၏။

(၆) ကာယဒသက ကလာပ်သည် ရင့်မာသော အရိုး, ဆံ, အမွေး, ခြေသည်း လက်သည်း, ခြောက်သွေ့သော အရေတို့မှ ကြွင်းသော အတွင်းအပြင် တကိုယ်လုံးမှာ ငွမ်းပိုး၌ လောင်းသောဆီကဲ့သို့ နှံ့၍တည်

နေ၏၊ ထိုကာယဒသက- ကလာပ်ကို ကာယအကြည် ဟူ၍လည်း ခေါ်၏။

ထိုစက္ခုအကြည် စသောအကြည်တို့သည် အလွန် စင်ကြယ်သော မှန်အကြည်နှင့် တူကြကုန်၏။

ထို့ကြောင့်-

"သုပရိသုဒ္ဓ အာဒါသ မဏ္ဍလသဒိသာ ကမ္မဇ မဏ္ဍာ။"

ဟုမိန့်ဆိုတော်မူ၏၊

ပသာဒါ၊ စက္ခုအကြည်စသော အကြည်တို့သည်။ သုပရိသုဒ္ဓအာဒါသမဏ္ဍလသဒိသာ၊ အလွန်စင်ကြယ် သော မှန်အကြည်နှင့် တူကုန်သော။ ကမ္မဇမဏ္ဍာ၊ကံ ကြောင့်ဖြစ်သော အကြည်တို့ပေတည်း။

မှန်အကြည်မှာ အရိပ်ထင်သကဲ့သို့ စက္ခုအကြည် စသည်တို့မှာ ရူပါရုံစသည်တို့ အသီးသီး ထင်ကြကုန် ၏၊

(၇) ဣတ္ထိဘာဝဒသက ကလာပ်သည် မိန်းမ သန္တာန်မှာ အတွင်းအပြင် တကိုယ်လုံး၌ တည်နေ၏၊ မိန်းမသည် ယောကျ်ားနှင့် အသွင်မတူ အမူအရာကွဲ ပြားမှုသည် ဣတ္ထိဘာဝ ရုပ်၏အစွမ်းပေတည်း။

(၈) ပုမ္ဘာဝဒသက ကလာပ်သည် ယောကျ်ား သန္တာန်မှာ အတွင်းအပြင် တကိုယ်လုံး၌ တည်နေ၏၊ ယောကျ်ားသည် မိန်းမနှင့် အသွင်မတူ အမူအရာကွဲ ပြားမှုသည် ပုမ္ဘာဝရုပ်၏ အစွမ်းပေတည်း။

(၉) ဝတ္ထုဒသက ကလာပ်သည် နှလုံးသား၏ အတွင်းမှာ တလက်ဖက်ခွဲမျှ လောက်သော နှလုံးသွေး နှင့် ရောနှော၍ တည်နေ၏။

ထို့ကြောင့်—

"တံ ပန ဟဒယ ကောသဗ္ဘန္တရေ အမှု ပသတ
မတ္တံ လောဟိတံ ဗျာပေတွာ တိဋ္ဌတိ။"

ဟု မိန့်ဆိုတော်မူ၏။

တံပန၊ ထိုဟဒယ ဝတ္ထုရုပ်သည်ကား။ ဟဒယ ကောသဗ္ဘန္တရေ၊ နှလုံးသားအတွင်း၌။ အမှုပသတ မတ္တံ၊ တလက်ဖက်ခွဲမျှ လောက်သော။ လောဟိတံ၊ သွေးကို။ ဗျာပေတွာ၊ နှံ့၍။ တိဋ္ဌတိ၊ တည်၏။

ကမ္မဇရုပ်ကို ပြဆိုသော စကားရပ်
အပြီးသတ်သတည်း။

---

### ၈-စိတ္တဇရုပ်ကလာပ် ၈–ပါး

စိတ်ကြောင့်ဖြစ်သော ရုပ်ကလာပ်ကား ၈-ပါးရှိ၏၊

(၁) ဆိုခဲ့ပြီးသော ပထဝီ, အာပေါ, တေဇော, ဝါယော, ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇာ-ဟူသော အဋ္ဌကလာပ်ရုပ်ကို သုဒ္ဓဋ္ဌက ကလာပ် ခေါ်သည်၊ သုဒ္ဓဋ္ဌက ကလာပ်,

(၂) သုဒ္ဓဋ္ဌက ကလာပ်မှာ သဒ္ဒရုပ်ကို ထည့်-သဒ္ဒနဝက ကလာပ်,

(၃) သုဒ္ဓဋ္ဌက ကလာပ်မှာ ကာယ ဝိညတ္တိရုပ်ကိုထည့်- ကာယဝိညတ္တိနဝက ကလာပ်,

(၄) သုဒ္ဓဋ္ဌက ကလာပ်မှာ ဝစီဝိညတ္တိ ရုပ်နှင့် သဒ္ဒရုပ်ကိုထည့်- ဝစီဝိညတ္တိ သဒ္ဒဒသက ကလာပ်,

(၁) ထိုလေးပါးသော ရုပ်ကလာပ်တို့မှာ လဟု
တာရုပ်, မုဒုတာရုပ်, ကမ္မညတာရုပ် ၃-ခု
ကို အစဉ်အတိုင်း လိုက်၍ထည့်-လဟုတာ
ဒိဧကာဒသက ကလာပ်,

(၂) သဒ္ဒလဟုတာဒိ ဒွါဒသက ကလာပ်,

(၃) ကာယဝိညတ္တိ လဟုတာဒိ ဒွါဒသက က
လာပ်,

(၄) ဝစီဝိညတ္တိ သဒ္ဒလဟုတာဒိ တေရသက က
လာပ်,

စိတ္တဇကလာပ် ၈-ပါးဖြစ်၏၊ ထို ၈-ပါး တို့တွင် စကားပြောဆိုလိုက်မည်ဟု အားထုတ်သောအခါ လှုပ်ရှားမှုသည် သုဒ္ဓဋ္ဌက ကလာပ်၏ အစွမ်းပေတည်း။

"ဣဒံ ဝက္ခာမိ,တေံ ဝက္ခာမီတိ ဥပ္ပဇ္ဇမာနံ စိတ္တံ
အဋ္ဌ ရူပါနိ သမုဋ္ဌာပေတိ။" [အဋ္ဌကထာ]

ဣဒံ၊ ဤစကားကို။ ဝက္ခာမိ၊ ဆိုလိုက်အံ့။ တေံ၊ထို စကားကို။ ဝက္ခာမိ၊ ဆိုလိုက်အံ့။ ဣတိ၊ ဤသို့။ ဥပ္ပဇ္ဇမာနံ၊ ဖြစ်သော။ စိတ္တံ၊ စိတ်သည်။ အဋ္ဌရူပါနိ၊ ရှစ်ပါးသောရုပ်တို့ကို၊ သမုဋ္ဌာပေတိ၊ ဖြစ်စေ၏။

အသက်ရှူသောအသံ, တရံတခါ ချောင်းဆိုးသံ, ချေသံ, ပျို့သံ, အန်သံ-စသော အသံများသည် သဒ္ဒနဝက-ကလာပ်၏ အစွမ်းပေတည်း။

"တသ္မာ ဝိသုဒ္ဓိမဂ္ဂေ ဝုတ္တနယေန အဿာသ
ပဿာသေဝါ အဝစီဃောသေသု ကဒါစိ စိတ္တ
သဟိတေသု ဥက္ကာသိတ ခိပိတ ဝမိတ ဆဍ္ဍိ
တ သဒ္ဒါဒီသု ပိဝါ တေံ သဒ္ဒနဝကံ ဝေဒိတဗ္ဗံ။"

တည္မွာ၊ ထို့ကြောင့်။ ဝိသုဒ္ဓိမဂ္ဂေ၊ ဝိသုဒ္ဓိမဂ်၌။ ဝုတ္တနယေန၊ ဆိုအပ်ပြီးသောနည်းဖြင့်။ အဿာသပဿာသေဝါ၊ ထွက်သက် ဝင်သက်၌၎င်း။ အဝစီဃောသေသု၊ ဝစီဃောသ မဟုတ်ကုန်သော။ ကဒါစိ၊ ရံခါ။ စိတ္တသဟိတေသု၊ စိတ်နှင့်တကွ ဖြစ်ကုန်သော။ ဥက္ကာသိတ ခိပိတ ဝမိတ ဆင္ဃိတသဒ္ဒါ ဒီသုပိဝါ၊ ချောင်းဆိုးသံ, ချေသံ, ပျို့သံ, အန်သံ-စသည် တို့၌၎င်း။ တေံ သဒ္ဒနဝကံ၊ ထိုသဒ္ဒနဝက ကလာပ်ကို။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

ဦးခေါင်း, ခြေ, လက်, ပေါင်နှစ်ဘက်- စသော ကိုယ်အင်္ဂါ လှုပ်ရှားမှုသည် ကာယဝိညတ္တိ နဝက-ကလာပ်၏အစွမ်းပေတည်း။

ထို့ကြောင့်—

“သ သမ္ဘာရေ အင်္ဂပစ္စင်္ဂဘူတေ ကာယေ ပဝတ္တာ ဝိညတ္တိ ကာယဝိညတ္တိ။”—

ဟု မိန့်ဆိုတော်မူသည်။

သသမ္ဘာရေ၊ သသမ္ဘာရ ကိုယ်နှင့်တကွဖြစ်သော။ အင်္ဂပစ္စင်္ဂဘူတေ၊ အင်္ဂါကြီးငယ် ဖြစ်၍ ဖြစ်သော။ကာ-ယေ၊ လှုပ်ခသာအခါ ကိုယ်ကာယ၌။ ပဝတ္တာ၊ ဖြစ်သော။ ဝိညတ္တိ၊ ဝိညတ်သည်။ ကာယဝိညတ္တိ၊ ကာယဝိညတ်မည်၏။

စကားပြောဆိုမှုသည် ဝစီဝိညတ္တိသဒ္ဒဒသက ကလာပ်၏အစွမ်းပေတည်း။

ထို့ကြောင့်—

"စိတ္တဇ သဒ္ဒသန်္ဒါနာယ ဝါစာယ ပဝတ္တာ ဝိညတ္တိ ဝစီဝိညတ္တိ။"

ဟု မိန့်ဆိုတော်မူ၏။

စိတ္တဇသဒ္ဒသန်္ဒါနာယ၊ စိတ္တဇအသံဟု ဆိုအပ်သော။ ဝါစာယ၊ စကားပြောဆိုမှု၌။ ပဝတ္တာ၊ ဖြစ်သော။ ဝိညတ္တိ၊ ဝိညတ်သည်။ ဝစီဝိညတ္တိ၊ ဝစီဝိညတ်မည်၏။

နောက်၊ ကလာပ်လေးပါးတို့ကို ထိုနည်းအတူ ပေါ့ခြင်း,နူးညံ့ခြင်း,အမှု၌ ခံ့ခြင်းအခါမှာ ဖြစ်သည်ဟု မှတ်လေ။

စိတ္တဇရုပ်ကို ပြဆိုသော စကားတရပ်
အပြီးသတ်သတည်း။

---

၉-ဥတုဇရုပ်ကလာပ် ၄-ပါး

ဥတုကြောင့် ဖြစ်သော ရုပ်ကလာပ်ကား။ ။ ၄-ပါး ရှိ၏၊ စိတ္တဇကလာပ် ၈-ပါးတို့တွင် ကာယဝိညတ်, ဝစီဝိညတ်မပါသော—

(၁) သုဒ္ဓဋ္ဌက ကလာပ်,
(၂) သဒ္ဒနဝက ကလာပ်,
(၃) လဟုတာဒေကာဒသက ကလာပ်,
(၄) သဒ္ဒလဟုတာဒိ ဒွါဒသက ကလာပ်,

ဤကလာပ် ၄-ပါးကို ဥတုဇ ကလာပ်ဟုမှတ်။

သတ္တဝါသန္တာန်မှာ ဆံ,အမွေးစသော ရုပ်စု-ရုပ်ခဲများသည် သုဒ္ဓဋ္ဌက ကလာပ် အစုအခဲတွေပေတည်း။

လက်ဖျောက်တီးသံ, ဗိုက်မြည်သံ, လေလျှည့်သံ-စသော အသံများသည် သဒ္ဒနဝက ကလာပ်အမှုတွေပေတည်း။

လဟုတာဒိဧကာဒသက ကလာပ်,သဒ္ဒလဟုတာဒိဒွါဒသကကလာပ်တို့ကို ထိုနည်းအတူ ပေါ့ခြင်း,နူးညံ့ခြင်း, အမှုဒ္ဓခံခြင်းအခါ၌ ဖြစ်သည်ဟုမှတ်လေ။

ဗဟိဒ္ဓသန္တာန်မှာ အဆင်း,အနံ့,အရသာ,အတွေ့,အထိ အမျိုးမျိုးတို့သည် သုဒ္ဓဋ္ဌကကလာပ် အစုအခဲတို့သာတည်း။

အသံအမျိုးမျိုးတို့သည် သဒ္ဒနဝကကလာပ် အစုအခဲတို့သာတည်း။

ဥတုဇရုပ်ကို ပြဆိုသော စကားတရပ်
အပြီးသတ်သတည်း။

---

### ၁၀-အာဟာရဇရုပ်ကလာပ် ၂-ပါး

အာဟာရကြောင့် ဖြစ်သော ရုပ်ကလာပ်ကား။ ။၂-ပါးရှိ၏၊ဥတုဇကလာပ် ၄-ပါးတို့တွင် သဒ္ဒမပါသော–

(၁) သုဒ္ဓဋ္ဌက ကလာပ်,
(၂) လဟုတာဒေကာဒသက ကလာပ်,

ဤကလာပ် ၂-ပါးကို အာဟာရဇ ကလာပ်ဟု မှတ်၊ အာဟာရဇ ရုပ်ကလာပ်ဖြစ်ပုံကား ထင်ရှား၏။

အာဟာရဇရုပ်ကို ပြဆိုသော စကားတရပ်
အပြီးသတ်သတည်း။

## ၁၁-ဗဟိဒ္ဓရုပ်ဖြစ်ကြောင်းဥတု

မေး။ ။အဘယ် အကြောင်း ကြောင့် ဗဟိဒ္ဓ သန္တာန်မှာ ရုပ်တွေဖြစ်၍ နေပါသနည်း။

ဖြေ။ ။ဥတုကြောင့်ဖြစ်၍ နေပါသည်။

မေး။ ။ဘယ်ဟာကို ဥတုခေါ်ပါသနည်း။

ဖြေ။ ။တေဇောဓာတ်ကို ဥတုခေါ်ပါသည်။

ထို့ကြောင့် ''မြေ,ရေ,သစ်ပင်၊ မြင်မြင်သမျှ၊ ဗဟိဒ္ဓမှာ၊ လုံးဝအုပ်စုံ၊ အကုန်ပေါင်းစု၊ ရုပ်ဖြစ်မှုသည်၊ ဥတုတေဇော အကြောင်းတည်း''ဟုဆိုပါသည်။

---

## ၁၂-ပညတ်များ

မေး။ ။ဘယ်ဟာကို ပညတ် ခေါ်ပါသနည်း။

ဖြေ။ ။လူအများတို့ ပညတ်ကြသော အမည်နာမတွေကို ပညတ်ခေါ်ပါသည်။

မေး။ ။ပညတ်များကို ထုတ်ဖော်၍ ပြပါ။

ဖြေ။ ။တခုတည်းဟု မှတ်ထင်အပ်သော ပညတ်မျိုးကို ''သမူဟပညတ်'' ခေါ်ပါသည်။

ပရမတ္ထဓမ္မတို့ကိုစွဲ၍ ယောက်ျား, မိန်းမ, သစ်ပင်, ချိုနွယ်စသောပညတ်မျိုးကို ''ဥပါဒါပညတ်''ခေါ်ပါသည်။

အရှည်,အတို,အလုံး,အပြား-စသည်ဖြင့် ထင်မြင်အပ်သောပညတ်မျိုးကို ''သဏ္ဌာနပညတ်'' ခေါ်ပါသည်။

ဤဝတ္ထုပြင်ဟု ထင်မြင်အပ်သော ပညတ်မျိုးကို ''သန္တတိပညတ်''ခေါ်ပါသည်၊ ဤသို့ စသောအားဖြင့်များစွာ ရှိပါသည်။

ထို့ကြောင့်''သမူဟ,ဥပါဒါန်၊ သဏ္ဌာန်,သန္တတိ၊ စသည်အပြား၊ လူအများသည်၊ ခေါ်ဝေါ်မှတ်သား၊ပညတ်ထားသတည်း''ဟု ဆိုပါသည်။

---

'၁၃-ပညတ်ပရမတ် အသိတရား

မေး။ ။ပညတ်ကိုသိမှုသည် ဘယ်လိုသိမှု ဖြစ်ပါသနည်း။

ဖြေ။ ။လူကို မြင်သည့်အခါ ခေါင်းတလုံးတည်း, ကိုယ်တခုတည်းဟု သိမှုသည် သမူဟပညတ်ကို သိမှုဖြစ်ပါသည်။

ယောကျ်ားဘဲ, မိန်းမဘဲ-ဟု သိမှုသည် ဥပါဒါပညတ်ကို သိမှုဖြစ်ပါသည်။

ရှည်သောလူ, ပုသောလူ-စသည်ဖြင့် အနေပုံဟန် သဏ္ဌာန်သိမှုသည် သဏ္ဌာနပညတ်ကို သိမှုဖြစ်ပါသည်။

မနေ့ကလူဘဲ,နံနက်ကလူဘဲ-ဟုသိမှုသည် သန္တတိပညတ်ကို သိမှုဖြစ်ပါသည်။

မေး။ ။ပရမတ်ကို သိမှုသည် ဘယ်လိုသိမှု ဖြစ်ပါသနည်း။

ဖြေ။ ။လူကိုမြင်သည့်အခါ ခေါင်းတလုံး,ကိုယ်တခု, လူပု,လူရှည်, ယောကျ်ား,မိန်းမ မရှိ၊မနေ့ကလူ, နံနက်ကလူ မဟုတ်၊ ယခု အသစ်ဖြစ်ပေါ်လာသောနာမ်,ရုပ် နှစ်ခု ဓာတ်စု-ဓာတ်ခဲကြီးသာ ဖြစ်သည်ဟု သိမှုသည် ပရမတ်ကိုသိမှု ဖြစ်ပါသည်။

မေး။ ။ရုပ်၏အနိစ္စကို ဘယ်လိုကြည့်မှ မြင်နိုင်ပါမည်နည်း။

ဖြေ။ ။ပညတ်, ပရမတ်ကို အတတ် မြင်သိ၍ ဉာဏ်နှင့်ကြည့်မှ အနိစ္စကို မြင်နိုင်ပါသည်။

ထို့ကြောင့်-''ပညတ်, ပရမတ်၊ အတတ်မြင်သိ၊ ဉာဏ်နှင့်ကြည့်မှ၊ အနိစ္စကို၊ဒိဋ္ဌမှန်စွာ၊ မြင်နိုင်ရာသည်၊ပညာအချက် စခန်းတည်း''ဟုဆိုပါသည်။

ရုပ်ကိုဖြေဆိုခဏ်းပြီး၏။

---

## နာမ်ကို ဖြေဆိုခဏ်း

### ၁၄-အကြည်တရား ၆-ပါး

မေး။ ။အဘယ် အကြည် များကို အကြည် ၆-ပါးခေါ်ပါသနည်း။

ဖြေ။ ။(၁) စက္ခုအကြည်,
(၂) သောတအကြည်,
(၃) ဃာနအကြည်,
(၄) ဇိဝှါအကြည်,
(၅) ကာယအကြည်,
(၆) မနော အကြည်များကို အကြည် ၆-ပါး ခေါ်ပါသည်။

မေး ။ဘယ်ဟာကို မနောအကြည် ခေါ်ပါသနည်း။

ဖြေ။ ။နှလုံးသွေးအစု ဟဒယဝတ္ထု ရုပ်ပေါ်မှာဖြစ်၍နေသော ဘဝင်စိတ်ကို မနောအကြည်ခေါ်ပါသည်။

မေး။ ။ဘယ်အကြည်ကို ရုပ်အကြည်, နာမ်အကြည် ခေါ်ပါသနည်း။

ဖြေ။ ။မနောအကြည်ကို နာမ်အကြည် ခေါ်ပါသည်၊ ကြွင်းသော အကြည်ငါးပါးကို ရုပ်အကြည် ခေါ်ပါသည်။

ထို့ကြောင့် "စက္ခု,သောတ၊ ဃာန,ဇိဝှါ၊ကာယငါးလီ၊ ရုပ်အကြည်တည့်၊တလီမှတ်လော၊မနောအကြည်၊ဘဝင်စိတ်ပေတည်း"ဟု ဆိုပါသည်။

မှတ်ချက်။ ။ရုပ်အကြည်ငါးပါးတို့၏ တည်နေရာအရပ်ဌာနကို ရုပ်အခန်းက ပြဆိုခဲ့ပြီ။

၁၅–အာရုံတရား ၆–ပါး

မေး။ ။အာရုံ ဘယ်နှစ်ပါး ရှိပါသနည်း။

ဖြေ။ ။အာရုံ ခြောက်ပါး ရှိပါသည်။

မေး။ ။အာရုံ ခြောက်ပါးကို ပြောပြပါ။

ဖြေ။ ။(၁) အဆင်းအမျိုးမျိုးကို ရူပါရုံ ခေါ်ပါသည်။

(၂) အသံ အမျိုးမျိုးကို သဒ္ဒါရုံ ခေါ်ပါသည်။

(၃) အနံ့ အမျိုးမျိုးကို ဂန္ဓာရုံ ခေါ်ပါသည်။

(၄) အရသာ အမျိုးမျိုးကို ရသာရုံ ခေါ်ပါသည်။

(၅) အတွေ့ အထိအမျိုးမျိုးကို ဖောဋ္ဌဗ္ဗာရုံ ခေါ်ပါသည်။

(၆) မနောဝိညာဉ်နှင့် သိသမျှအာရုံကို ဓမ္မာရုံ ခေါ်ပါသည်။

မေး။ ။မနောဝိညာဉ်သည် ဘယ်ဟာ များကို သိနိုင်ပါသနည်း။

ဖြေ။ ။ပစ္စုပ္ပန်, အတိတ်, အနာဂတ်ဖြစ်သော ပညတ်,ရုပ်,နာမ်, နိဗ္ဗာန်အကုန် အလုံးစုံကို သိနိုင်ပါသည်။

ထို့ကြောင့်"အဆင်း ရူပ၊သဒ္ဒ အသံ၊အနံ့ ဂန္ဓ၊ ရသ အရသာ၊ အတွေ့ဖောဋ္ဌဗ္ဗ၊ ငါးဖြာအစုံ၊ ရုပ်အာရုံပင်၊ မနောဝိညာဉ်၊ ဆင်ခြင်တုံက၊ သိသမျှအကုန်၊ ဓမ္မာရုံပေတည်း"ဟု ဆိုပါသည်။

---

၁၆-အာရုံထင်၍ ဝိညာဉ်ဖြစ်ပုံ

မေး။ ။အကြည်ခြောက်စုံမှာ အာရုံခြောက်ပါးသည် အဘယ်ကြောင့် အသီးအသီးထင်လာပါသနည်း။

ဖြေ။ ။ဓမ္မနိယာမအားဖြင့် အကြည်ခြောက်စုံမှာ အာရုံခြောက်ပါး ထင်လာရပါသည်။

ထို့ကြောင့်–

"ဧတ္ထ စ အယမ္ပိ ဧကော ဓမ္မနိယာမောယေဝ" ဟု မိန့်ဆိုတော်မူပါသည်။

ဧတ္ထစ၊ ဤစကားရပ်၌လည်း။ အယမ္ပိ၊ ဤအာရုံထင်လာမှုသည်လည်း။ ဧကော၊ တခုသော။ ဓမ္မနိယာမောယေဝ၊ ဓမ္မနိယာမသည်သာလျှင်တည်း။

မေး။ ။အကြည် ခြောက်စုံမှာ အာရုံခြောက်ပါး ထင်လာသည့်အခါ ဘယ်တရားများ ဖြစ်လာပါသနည်း။

ဖြေ။ ။ဝိညာဉ် ခြောက်ဖြာသည် လျှပ်ရောင်ပမာ၊ ဆိုင်ရာအသီးအသီး ဖြစ်ပေါ်လာပါသည်။

ထို့ကြောင့်-"အကြည်ခြောက်စုံ၊ အာရုံခြောက်ပါး၊ ထိခိုက်ငြားက၊ ခြောက်ပါး ဝိညာဉ်၊ အစဉ်မပြတ်၊ လျှပ်ရောင်ပမာ၊ နာမ်ခန္ဓာသည်၊ ဆိုင်ရာအသီးအသီး၊ ဖြစ်ပျက်ကြသတည်း"-ဟု ဆိုပါသည်။

---

၁၇—စက္ခုဝိညာဉ်ဖြစ်—ချုပ်

မေး။ ။စက္ခုဝိညာဉ်သည် အဘယ်ကဲ့သို့ ဖြစ်ပျက်၍ နေပါသနည်း။

ဖြေ။ ။မှန်နှင့် မျက်နှာကိုစွဲ၍ မှန်အကြည်မှာ မျက်နှာရိပ် ထင်လာသကဲ့သို့ စက္ခု, ရူပါရုံနှစ်ပါးစုံကို စွဲ၍ စက္ခုအကြည်မှာ စက္ခုဝိညာဉ် ဖြစ်ပေါ်လာ၏၊ ဖြစ်ပြီးနောက် ချုပ်ပျောက်၍ သွား၏။

ထို့ကြောင့်"စက္ခု,ရူပါရုံ၊ နှစ်ပါးဆုံလျှင်၊ စက္ခုဝိညာဉ်၊ ပေါ်မြဲပင်၊ ပေါ်လျှင်မလွဲ၊ ချုပ်ပျက်မြဲတည်း"ဟု ဆိုပါသည်။

ထိုစကားအရ သာဓကပါဠိကား—

"စက္ခုဉ္စ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ"

(သံယုတ်ပါဠိတော်)

စက္ခုဉ္စ၊ စက္ခုအကြည်ကိုလည်းကောင်း။ ရူပေစ၊ ရူပါရုံတို့ကိုလည်းကောင်း။ ပဋိစ္စ၊ နှစ်ပါးစုံစွဲ၍။ စက္ခုဝိညာဏံ၊ စက္ခုဝိညာဉ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်လာ၏။

---

၁၈—သောတဝိညာဉ်ဖြစ်—ချုပ်

မေး။ ။သောတ ဝိညာဉ်သည် အဘယ်ကဲ့သို့ ဖြစ်ပျက်၍ နေပါသနည်း။

**ဖြေ။** ။မှန်နှင့် မျက်နှာကိုစွဲ၍ မှန်အကြည်မှာ မျက်နှာရိပ်ထင်လာသကဲ့သို့ သောတ,သဒ္ဒါရုံ နှစ်ပါးစုံကိုစွဲ၍ သောတအကြည်မှာ သောတဝိညာဉ် ဖြစ်ပေါ်လာပါသည်၊ ဖြစ်ပြီးနောက် ချုပ်ပျောက်၍ သွားပါသည်။

ထို့ကြောင့် ''သောတ,သဒ္ဒါရုံ၊ နှစ်ပါးဆုံလျှင်၊ သောတဝိညာဉ်၊ ပေါ်မြဲပင်၊ ပေါ်လျှင်မလွဲ၊ ချုပ်ပျက်မြဲတည်း''ဟု ဆိုပါသည်။

ထိုစကားအရ သာဓကပါဠိကား—

''သောတဉ္စ ပဋိစ္စ သဒ္ဒေ စ ဥပ္ပဇ္ဇတိ သောတဝိညာဏံ။''

(သံယုတ်ပါဠိတော်။)

သောတဉ္စ၊ သောတအကြည်ကိုရင်း။ သဒ္ဒေစ၊ သဒ္ဒါရုံတို့ကိုရင်း။ ပဋိစ္စ၊ နှစ်ပါးစုံစွဲ၍။ သောတဝိညာဏံ၊ သောတဝိညာဉ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်လာ၏။

**မှတ်ချက်။** ။ရေအကြည်မှာ ထင်ကြသော အရိပ်များသည် ရေနှင့်ထိလျှင်မထင်နိုင်၊ ရေနှင့်မထိမှ ထင်သကဲ့သို့ စက္ခုအကြည်,သောတအကြည်တို့မှာ ထိခိုက်လာကုန်သော ရူပါရုံ,သဒ္ဒါရုံတို့သည် မထင်နိုင်ကုန်၊ မထိမခိုက်ကုန်သော ရူပါရုံ, သဒ္ဒါရုံတို့သည်သာလျှင် ထင်နိုင်ကုန်၏။

ထို့ကြောင့်—

''ပုရိမာနိ''ဟိ''ဒွေ နိမိတ္တာဝသေနေဝ ဃဋ္ဋေန္တိ၊ န ဝတ္ထုဝသေန။''

ဟု မိန့်ဆိုတော်မူ၏။

ဟိ၊ ချွဲအံ့။ ပုရိမာနိ၊ ရှေး၌ဖြစ်ကုန်သော။ ဒွေ၊ နှစ်ပါးကုန်သောရူပါရုံ, သဒ္ဒါရုံတို့သည်။ နိမိတ္တံ ဝသေန ဝ၊ အရိပ်, နိမိတ်၏အစွမ်းဖြင့်သာလျှင်။ ဃဋ္ဋေန္တိ၊ ထိခိုက်ကြကုန်၏။ ဝတ္ထုဝသေန၊ ဝတ္ထု၏အစွမ်းဖြင့်။ နဃဋ္ဋေန္တိ၊ မထိခိုက်ကုန်။

## ၁၉–ဃာနဝိညာဉ် ဖြစ်-ချုပ်

**မေး။** ။ဃာနဝိညာဉ်သည် အဘယ်ကဲ့သို့ ဖြစ်ပျက်၍ နေပါသနည်း။

**ဖြေ။** ။ပုံနှင့်လက်ကိုစွဲ၍ ပုံသံ ဖြစ်ပေါ်လာသကဲ့သို့ ဃာန, ဂန္ဓာရုံ နှစ်ပါးစုံကိုစွဲ၍ ဃာနအကြည်မှာ ဃာနဝိညာဉ် ဖြစ်ပေါ်လာ၏၊ ဖြစ်ပြီးနောက် ချုပ်ပျောက်၍ သွား၏။

> ထို့ကြောင့် "ဃာန, ဂန္ဓာရုံ၊ နှစ်ပါးဆုံလျှင်၊ ဃာနဝိညာဉ်၊ ပေါ်မြဲပင်၊ ပေါ်လျှင်မလွဲ၊ ချုပ်ပျက်မြဲတည်း"ဟု ဆိုပါသည်။

ထိုစကားအရ သာဓကပါဠိကား–

> "ဃာနဉ္စ ပဋိစ္စ ဂန္ဓေ စ ဥပ္ပဇ္ဇတိ ဃာန ဝိညာဏံ"

(သံယုတ်ပါဠိတော်။)

ဃာနဉ္စ၊ ဃာနအကြည်ကိုလည်းကောင်း။ ဂန္ဓေစ၊ ဂန္ဓာရုံတို့ကိုလည်းကောင်း။ ပဋိစ္စ၊ နှစ်ပါးစုံစွဲ၍။ ဃာနဝိညာဏံ၊ ဃာနဝိညာဉ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်လာ၏။

## ၂၀–ဇိဝှါဝိညာဉ် ဖြစ်-ချုပ်

**မေး။** ။ဇိဝှါဝိညာဉ်သည် အဘယ်ကဲ့သို့ ဖြစ်ပျက်၍ နေပါသနည်း။

ဖြေ။ ။ပုံနှင့်လက်ကိုစွဲ၍ ပုံသံ ဖြစ်ပေါ်လာသကဲ့သို့ ဇိဝှါ,ရသာရုံ နှစ်ပါးစုံကိုစွဲ၍ ဇိဝှါအကြည်မှာ ဇိဝှါဝိညာဉ်ဖြစ်ပေါ်လာပါသည်၊ ဖြစ်ပြီးနောက် ချုပ်ပျောက်၍ သွားပါသည်။

ထို့ကြောင့်'' ဇိဝှါ, ရသာရုံ၊ နှစ်ပါးဆုံလျှင်၊ ဇိဝှါဝိညာဉ်၊ ပေါ်မြဲပင်၊ ပေါ်လျှင်မလွဲ၊ချုပ်ပျက်မြဲတည်း'' ဟု ဆိုပါသည်။

ထိုစကားအရ သာဓကပါဠိကား—

''ဇိဝှဉ္စ ပဋိစ္စ ရသေ စ ဥပ္ပဇ္ဇတိ ဇိဝှါဝိညာဏံ''

(သံယုတ်ပါဠိတော်။)

ဇိဝှဉ္စ၊ ဇိဝှါအကြည်ကိုငဲ့၍။ ရသေစ၊ ရသာရုံတို့ကိုငဲ့၍။ ပဋိစ္စ၊ နှစ်ပါးစုံစွဲ၍။ ဇိဝှါဝိညာဏံ၊ ဇိဝှါဝိညာဉ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်လာ၏။

---

၂၁—ကာယဝိညာဉ် ဖြစ်-ချုပ်

မေး။ ။ကာယဝိညာဉ်သည် အဘယ်ကဲ့သို့ ဖြစ်ပျက်၍ နေပါသနည်း။

ဖြေ။ ။ပုံနှင့် လက်ကိုစွဲ၍ ပုံသံ ဖြစ်ပေါ်လာသကဲ့သို့ ကာယ,ဖောဋ္ဌဗ္ဗာရုံ နှစ်ပါးစုံကိုစွဲ၍ ကာယအကြည်မှာ ကာယဝိညာဉ် ဖြစ်ပေါ်လာပါသည်။

ထို့ကြောင့်''ကာယ,ဖောဋ္ဌဗ္ဗာရုံ၊နှစ်ပါးဆုံလျှင်၊ ကာယဝိညာဉ်၊ ပေါ်မြဲပင်၊ ပေါ်လျှင်မလွဲ၊ ချုပ်ပျက်မြဲတည်း''ဟုဆိုပါသည်။

ထိုစကားအရ သာဓကပါဠိကား—

"ကာယဉ္စ ပဋိစ္စ ဖောဋ္ဌဗ္ဗေ စ ဥပ္ပဇ္ဇတိ ကာယဝိညာဏံ"

(သံယုတ်ပါဠိတော်။)

ကာယဉ္စ၊ ကာယအကြည်ကိုရင်း။ ဖောဋ္ဌဗ္ဗေစ၊ ဖောဋ္ဌဗ္ဗာရုံတို့ကိုရင်း။ ပဋိစ္စ၊ နှစ်ပါးစုံစွဲ၍။ ကာယဝိညာဏံ၊ ကာယဝိညာဉ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်လာ၏။

**မှတ်ချက်။** ။ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံတို့သည် ဃာနအကြည်, ဇိဝှါအကြည်, ကာယအကြည်တို့မှာ ထိခိုက်မှသာ ထင်နိုင်ကြကုန်၏၊ မထိမခိုက်လျှင် မထင်နိုင်ကုန်။

ထို့ကြောင့်—

"ပစ္ဆိမာနိ ပန တီဏိ ဝတ္ထုဝသေန ဃဋ္ဋေန္တိ၊ န နိမိတ္တမတ္တဝသေန။"

ဟု မိန့်ဆိုတော်မူ၏။

ပစ္ဆိမာနိပန၊ နောက်ဖြစ်ကုန်သော။ တီဏိ၊ သုံးပါးကုန်သော ဂန္ဓာရုံ,ရသာရုံ,ဖောဋ္ဌဗ္ဗာရုံတို့သည်။ ဝတ္ထုဝသေန၊ ဝတ္ထု၏အစွမ်းဖြင့်။ ဃဋ္ဋေန္တိ၊ ထိခိုက်ကြကုန်၏။ နိမိတ္တမတ္တဝသေန၊ အရိပ်နိမိတ်မျှအစွမ်းဖြင့်။ နဃဋ္ဋေန္တိ၊ မထိခိုက်ကုန်။ ထန်းရွက်မှာ တံဆိပ်ရိုက်၍ အက္ခရာထင်သကဲ့သို့ စက္ခုအကြည်စသည်တို့မှာ ရူပါရုံစသော အာရုံတို့သည် ဆိုင်ရာဆိုင်ရာ အသီးအသီး ထင်ကြကုန်၏။

ထိုကြောင့်—

"ပဟာရဏကာလေ လဒ္ဓနခန္ဓသ တာလပဏ္ဏေ အာဗာဓေတွာ အက္ခရပဋ္ဌာနံ ဝိယ ဒဋ္ဌဗ္ဗံ"—

ဟု မိန့်ဆိုတော်မူ၏။

ပဟာရဏကာလေ၊ ရိက်ခတ်သောကာလ၌။ လဍ္ဍနု ခန္ဓသာ၊တံဆိပ်တုံး၏။ တာလပဏ္ဏေ၊ ထန်းရွက်၌။ အာဗာ ဓေတွာ၊ လွန်စွာခိုက်၍။ အက္ခရပဋ္ဌာနံ ဝိယ၊ အက္ခရာကို ထင်စေခြင်းကဲ့သို့။အာပါထဂမနံ၊ အာရုံထင်ခြင်းသို့ရောက် ခြင်းကို။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

ရူပါရုံ စသည်တို့ ထင်မှုသည် မိုဃ်းကြိုးကျဘိသကဲ့သို့ ပသာဒတိုးဖေ့သည်ဟု ကျမ်းဂန်၌ဆိုသည်။

---

## ၂၂–မနောဝိညာဉ် ဖြစ်,ချုပ်

မေး။ ။မနောဝိညာဉ်စိတ်သည် အဘယ်ကဲ့သို့ ဖြစ်ပျက်၍နေပါသနည်း။

ဖြေ။ ။ရေကန်အပြင် ကောင်းကင်၌ ပျံဝဲ၍ နေသော ငှက်ရိပ်သည် ရေနှင့်ငှက်ကိုစွဲ၍ ရေအပြင်မှာ ထင်လာသကဲ့သို့ မနောအကြည်မှာ ဓမ္မာရုံထင်လာ သည့်အခါ မနော,ဓမ္မာရုံ နှစ်ပါးစုံကိုစွဲ၍ နှလုံးသွေး အစု ဟဒယဝတ္ထုရုပ်ပေါ်မှာ ဖြစ်ပေါ်လာပါသည်၊ ဖြစ်ပြီးနောက် ချုပ်ပျောက်၍သွားပါသည်။

> ထို့ကြောင့်''မနော,ဓမ္မာရုံ၊ နှစ်ပါးဆုံလျှင်၊ မ နောဝိညာဉ်၊ ပေါ်မြဲပင်၊ ပေါ်လျှင်မလွဲ၊ ချုပ်ပျက် မြဲတည်း''ဟု ဆိုပါသည်။

ထိုစကားအရ သာဓကပါဠိကား–

''မနဉ္စ ပဋိစ္စ ဓမ္မေ စ ဥပ္ပဇ္ဇတိ မနောဝိညာဏံ''။

(သံယုတ်ပါဠိတော်။)

မနသ္ကာမနောအကြည်ကိုရင်း။ ဓမ္မေစ၊ ဓမ္မာရုံတို့ကိုရင်း။ ပဋိစ္စ၊ နှစ်ပါးစုံစွဲ၍။ မနောဝိညာဏံ၊ မနောဝိညာဉ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်လာ၏။

မှတ်ချက်။ ။ဝိညာဉ်ခြောက်ပါးတို့သည် တခုသောခဏ၌ တပြိုင်နက်မဖြစ်နိုင်ကြကုန်၊ သူ့အာရုံနှင့် သူ့ဝိညာဉ် တခြား စီဖြစ်ကုန်၏။

ထို့ကြောင့်-

"အာရမ္မဏာဓိမတ္တာဒိဝသေန ဧကေကသ္မိံ အာရမ္မဏေ ပဝတ္တန္တိ"

ဟု မိန့်တော်မူသည်။

ဒိဋ္ဌိစိတ္တာနိ၊ ဝီထိစိတ်တို့သည်။ အာရမ္မဏာဓိမတ္တာဒိဝသေန၊ အာရုံလွန်ကဲခြင်းစသည်၏အစွမ်းဖြင့်၊ ဧကေကသ္မိံ၊ တခုတခုသော။ အာရမ္မဏေ၊ အာရုံ၌သာလျှင်။ ပဝတ္တန္တိ၊ ဖြစ်ကြကုန်၏။

အတူပြိုင်၍ မဖြစ်သော်လည်း အလွန်တရာ မြန်သောကြောင့် အတူပြိုင်၍ဖြစ်သည်ဟု စိတ်ဖြစ်မှုတို့ကို မှတ်ထင်ကြရသည်။

---

၂၃-ဝိညာဉ်များ တပြိုင်နက်မဖြစ်

မေး။ ။အဘယ်စိတ်ကို မနောဝိညာဉ်စိတ်ခေါ်ပါသနည်း။

ဖြေ။ ။စက္ခုဝိညာဉ်, သောတဝိညာဉ်, ဃာနဝိညာဉ်, ဇိဝှါဝိညာဉ်, ကာယဝိညာဉ်တို့မှကြွင်းသော ကုသိုလ်စိတ်, အကုသိုလ်စိတ်, အဗျာကတစိတ်တို့ကို ခေါ်ပါသည်။

မေး။ ။ထိုဝိညာဉ် ခြောက်ပါးသည် အတူပြိုင်၍ ဖြစ်ပါသလား။

ဖြေ။ ။အတူပြိုင်၍မဖြစ်၊ တခြားစီဖြစ်ပါသည်။

ထို့ကြောင့်''ဝိညာဉ်ငါး၀၊ ကြွင်းသမျှကို၊မနော ဝိညာဉ်ဆို၏၊ ထိုစိတ်ခြောက်ပါး၊ တခြားစီသာ ၊ဖြစ် ကြရာသတည်း''ဟု ဆိုပါသည်။

**မှတ်ချက်။** ။စိတ်တခုယုတ် ကိုးဆယ် ဆို သော်လည်း အကုန်လုံး ရကြသည်မဟုတ်၊ ပုဂ္ဂိုလ် အားလျော်စွာ ဆိုင်ရာအသီးသီး ရကြလေ၏၊ ယခု လောကမှာ ဒွိဟိတ်ပုဂ္ဂိုလ်သာ များ၏၊ တိဟိတ် ပုဂ္ဂိုလ်ကားနည်း၏။

(၁) အကုသိုလ်စိတ်၊ အဟိတ်ဆဲ့ရှစ်၊ဟသိပစ်၍၊ ရှစ်ခု ကုသိုလ်၊ဝိပါက်ကိုထည့်၊ပေါင်းရှိအပြား၊ လေးဆဲ့ ငါးကို၊ မှတ်သားလို၊ တိဟိတ်ပုဂ္ဂိုလ်စိတ်။

(၂) ဝိပါက်သမ္ပယုတ်၊နုတ်၍ပစ်က၊လေးဆဲ့တစ်ကို၊ မှတ် သားလို၊ဒွိဟိတ်ပုဂ္ဂိုလ်စိတ်။

**တိဟိတ် ပုဂ္ဂိုလ်မှာ-**

အကုသိုလ် ၁၂,
ဟသိတုပ္ပါဒ်ကြဉ်သောအဟိတ်စိတ် ၁၇,
မဟာကုသိုလ်စိတ် ၈,
မဟာဝိပါက်စိတ် ၈,
ပေါင်း(၄၅)ပါးရ၏။

**ဒွိဟိတ်ပုဂ္ဂိုလ်မှာ-**

အကုသိုလ်စိတ် ၁၂,
ဟသိတုပ္ပါဒ်ကြဉ်သော အဟိတ်စိတ် ၁၇,

မဟာကုသိုလ်စိတ် ၈,
မဟာဝိပါက် ဝိပ္ပယုတ် ၄,
ပေါင်း(၄၁)ပါးရှေ၏။
နာမ်ကိုဖြေဆိုခဏ်း ပြီး၏။

---

## တိုက်တွန်းခဏ်း

### ၂၄-နာမ်,ရုပ်သိမြင် အတ္တ,ဇီဝမထင်

မေး။ ။သတ္တဝါ သန္တာန်မှာ နာမ်ရုပ်မှတပါး တခြားသော တရားများ ရှိပါသေး သလား။

ဖြေ။ ။မရှိပါ၊ နာမ်ရုပ် နှစ်ပါးသာ ရှိပါသည်။

မေး။ ။အဘယ်ကြောင့် ယောကျာ်း, မိန်းမ, အတ္တ, ဇီဝဟု ပြောဆို၍ နေကြပါသနည်း။

ဖြေ။ ။လောက ဝေါဟာရအားဖြင့်သာပြောဆို၍ နေကြပါသည်၊ စင်စစ်ကား ယောကျာ်း, မိန်းမ, အတ္တ, ဇီဝဟူ၍မရှိ၊ ငါ,သူမဟုတ်သော ဓာတ်ရုပ်ကြီး တွေသာဖြစ်ပါသည်။

ထို့ကြောင့်''နာမ်,ရုပ်မှတပါး၊ယောကျာ်း,မိန်းမ၊ အတ္တ,ဇီဝ၊ဘာမျှမရှိ၊ဉာဏ်နှင့်ကြည့်သော်၊ဓာတ်အတိသာ၊ချေ၏တကား''ဟုဆိုပါသည်။

---

### ၂၅-နာမ်,ရုပ်မသိ သက္ကာယဒိဋ္ဌိ

မေး။ ။သက္ကာယဒိဋ္ဌိသည်၊ ဘယ်လို စွဲလမ်းပါ သနည်း။

ဖြေ။ ။သတ္တဝါဟူသော ရုပ်ခဲကြီးကို ငါ့ကိုယ်ဘဲ,ငါ့လက်ဘဲ, ငါ့ခြေဘဲ-စသည်ဖြင့် စွဲလမ်းပါသည်၊ နာမ်၏အမှုကို ကိုယ်အမှုပြုလုပ်၍ ငါမြင်သည်၊ ငါကြားသည်၊ ငါသိသည်၊ ငါမှတ်သည်-စသည်ဖြင့် စွဲလမ်းပါသည်။

မေး။ ။အဘယ်ကြောင့် စွဲလမ်းပါသနည်း။

ဖြေ။ ။နာမ်ရုပ်၏ ဖြစ်ဟန်အမှန်ကို မသိသောကြောင့် စွဲလမ်းပါသည်။

ထို့ကြောင့်''နာမ်,ရုပ်နှစ်တန်၊သူ့ဖြစ်ဟန်ကို၊အမှန်ဒိဋ္ဌ၊ မသိကြ၍၊ ငါထ,ငါထိုင်၊ ငါကိုင်,ငါသွား၊ ငါကြား,ငါကြည့်၊ ငါသိ,ငါမြင်၊ ခေတ်ဖြစ်အင်ကို၊ ငါပင်မှုချ၊ မှတ်ထင်ကြသည်၊ သက္ကာယဒိဋ္ဌိ၊စွဲလမ်းမှုကြီးပါတကား''ဟုဆိုပါသည်။

---

## ၂၆-ရင်ဝလှံစူးနှုတ်-သက္ကာယဒိဋ္ဌိခွါထုတ်

မေး။ ။သက္ကာယဒိဋ္ဌိ စွဲလမ်းသည့်သူများသည် အပါယ်သွား လွတ်ပါမည်လား။

ဖြေ။ ။အပါယ်ရောက်ခြင်းအကြောင်း၏အရင်းမူလဖြစ်လေသောကြောင့် အပါယ်သွားမလွတ်နိုင်ပါ။

မေး ။အပါယ်တံခါးပိတ်အောင် ဘယ်တရားကို အားထုတ်ရပါမည်နည်း။

ဖြေ။ ။ရင်ဝလှံစူး ထိပ်ဦးမီးလောင်သော သူများသည် လှံနှုတ်မှု,မီးသတ်မှုကိုသာ ရေးကြီးသုတ်ပျာပြုရသကဲ့သို့ သက္ကာယဒိဋ္ဌိစွဲလမ်းချက်ကို အလျင် အမြန် ခွါဖျက်၍ ပစ်ရပါသည်။

မေး။ ။အဘယ့်ကြောင့် အလျင်အမြန် ခွါဖျက် ရပါသနည်း။

ဖြေ။ ။ယနေ့သေမည်, နက်ဖြန်သေမည်-ဟု မသိနိုင်သောကြောင့် အလျင်အမြန် ခွါဖျက်ရပါသည်။

ထို့ကြောင့်''ဒိဋ္ဌိသက္ကာယ၊ မဂ္ဂါသမျှ၊ လေးဝ အပါယ်၊ ရောက်ဦးမယ်၊ နင်ဝယ်သတိထား၊ သို့အ အလားကြောင့်၊ မြတ်ဘုရားက၊ ရင်ဝမှာလှံစူး၊ ထိပ် ဦးမီးလောင်၊ မရှောင်အဟုတ်၊ နောက်မဆုတ်ဘဲ၊ အားထုတ်ရန် သဘောကို၊ ''သတ္တိယာ ဝိယ ဩမဋ္ဌော''ဟု၊ဟောကြားတော်မူခဲ့ပြီတကား''ဟုဆို ပါသည်။

ထိုစကားအရ သာဓကပါဠိကား-

သတ္တိယာ ဝိယ ဩမဋ္ဌော၊
ဍယှမာနောဝ မတ္ထကေ။
သက္ကာယ ဒိဋ္ဌိပဟာ နာယ၊
သတောဘိက္ခု ပရိဗ္ဗဇေ။ (သံယုတ်ပါဠိတော်)

သတ္တိယာ၊ အသွားနှစ်ဖက် မြမြထက်သော လှံကြီး သည်။ ဩမဋ္ဌောဝိယ၊ ရေမျိုရင်ဝ စူးရှ၍ နေသော ယောကျာ်း ကဲ့သို့ရင်း။ မတ္ထကေ၊ ဦးခေါင်းတခုလုံး၌။ ဍယှမာနောဝ၊ မီးတောက်လောင်၍ နေသောယောကျာ်း ကဲ့သို့ရင်း။ သက္ကာယဒိဋ္ဌိ ပဟာနာယ၊ သက္ကာယဒိဋ္ဌိကို ပယ်ဖြတ်ခြင်းငှါ။ ဘိက္ခု၊ သံသရာရေး အပါယ်ဘေး ကို မြော်တွေးမြင်သူ ရှင်လူရဟန်းသည်။ သတော၊ မမေ့ မလျော့ မပေါ့သာဘဲ မြဲသောသတိရှိသည်ဖြစ်၍။ ပရိဗ္ဗ

ဇေ၊ ဝိပဿနာ အလုပ်ကို နောက်မဆုတ်ဘဲ အမြဲအား ထုတ်ရာသတည်း။

**မေး။** ။သက္ကာယ အစွဲပြုတ်အောင် အဘယ်လို ဖြုတ်ရပါသနည်း။

**ဖြေ။** ။နာမ်ရုပ်အနိစ္စကို ဒိဋ္ဌမြင်လျှင် သက္ကာယ အစွဲပြုတ်၍သွားသောကြောင့် နာမ်ရုပ်၏အနိစ္စကို ဒိဋ္ဌ မြင်အောင် အားထုတ်ရပါသည်။

**မေး။** ။ဒိဋ္ဌမြင်အောင် အဘယ်ကဲ့သို့ အားထုတ် ရပါသနည်း။

**ဖြေ။** ။နာမ်ရုပ်နှစ်ခု နှစ်ဖို့ပြု၍ တခုခု၌ ကြံဖန် စေ့ငု စိုက်၍ ရှုကြည့်ရပါသည်။

**မေး။** ။ဘယ်လိုကြံ၍ ရှုကြည့်ရပါသနည်း။

**ဖြေ။** ။ဉာဏ်ရှိသလိုကြံ၍ ရှုကြည့်ရပါသည်၊

ထို့ကြောင့်''နာမ်, ရုပ်နှစ်ခု၊ နှစ်ဖို့ပြု၍၊ ရုပ်စု, နာမ်စု၊ တခုခု၌၊ ကြံဖန်စေ့ငု၊ စိုက်၍ရှုမှ၊ခတ်ရင်း မူလ၊သဘာဝကို၊ဒိဋ္ဌမသွေ၊မြင်နိုင်ချေမည်တကား'' ဟု ဆိုပါသည်။

---

## ၂၇-ရှုကြည့်ပုံနိဿယကို သိလိုသူမှတ်ရန် ကြံဖန်ရန် သဲလွန်စ—ကား-

ကိုယ်ဟူသောရုပ်စုကြီးကား ဓာတ်ကြီး ၄-ပါး၏အာ ရသာဖြစ်၏။

ဓာတ်ကြီးလေးပါးကား မာခြင်း,ဖွဲ့စေးခြင်း, ပူခြင်း, ဧးခြင်း,ထောက်ကန်ခြင်း သဘောအမှုအရာမျှသာရှိ၏။

သို့ဖြစ်၍ ကိုယ်ဟူသော ရုပ်စုကြီးကား အမာ အခဲကြီးမဟုတ်၊ အမှန်ကိုထုတ်သော် ဓာတ်ရုပ်ကြီးသာဖြစ်၏။

ထိုဓာတ်ရုပ်ကြီးကား မပြားမကွဲ တသားထဲတည်၍ နေသည်မဟုတ် သဲပုံ၏အလားကဲ့သို့ အာကာသခြား၍ ခြား၍ ဖြစ်ပျက်ခါနေကြသော ရုပ်ကလာပ် ဓာတ်အစုတွေသာဖြစ်သည်ဟု ကြံဖန်ခါ ဉာဏ်နှင့်စိုက်၍ ကိုယ်ကို ရှုကြည့်လေ၊ အာကာသ ခြား၍ခြား၍နေသော ရုပ်ကလာပ်တွေကို မြင်လိမ့်မည်။

ထိုရုပ်ကလာပ်တွေကာ ဓာတ်လေးပါးအနက်ပထဝီ ထက်၍ နေသောကြောင့် ပထဝီဓာတ်သဘော အတိုင်း မာ၍နေ၏၊ မာ၍နေသော်လည်း အခဲမဟုတ်၊ မာခြင်းသဘော အမှုအရာတွေသာ ဖြစ်သည်ဟု ကြံဖန်ခါ ခန္ဓာကိုယ်မှာကြည့်လေ၊ပထဝီဓာတ်၏သဘောတွေကို မြင်ရလိမ့်မည်၊ထိုပထဝီဓာတ်သဘောတွေကားအမြဲတည်၍ နေသည်မဟုတ်၊ခဏမစဲဖြစ်ပျက်၍ နေသည်ဟု ကြံဖန်ခါ ခန္ဓာကိုယ်မှာ ကြည့်လေ၊ မမြဲသည့် အခြင်းအရာ အနိစ္စတွေကို မြင်လိမ့်မည်၊ မမြင်မြင်အောင် ကြံ၍ ကြည့်လေ။

ဤကား ရုပ်၌ ကြံဖန်၍ရှုကြည့်ရန် သဲလွန်စတည်း။

---

၂၈—သညာဉာဏ်ခံလျှင် ဉာဏ်နှင့်ရှုင်း

**မေး။** ။အဆင်းသညာဉာဏ် ခုခံ၍နေခဲ့လျှင် ဘယ်လို ရှုကြည့်ရပါသနည်း။

**ဖြေ။** ။ဉာဏ်နှင့်ရှင်း၍ ရှုကြည့်ရပါသည်။

မေး။ ။ဘယ်လိုဉာဏ်နှင့်ရှင်း၍ ရှုကြည့်ရပါသနည်း။

ဖြေ။ ။ရှင်းတတ်သလို ရှင်း၍ကြည့်ရှုရပါသည်။ ထို့ကြောင့်“သဏ္ဌာန်, အဆင်း၊ ခုခံလျှင်းက၊ ဉာဏ်နှင့်ရှင်း၍၊ အတင်းရှုမှ၊ အနိစ္စကို၊ ဒိဋ္ဌမသွေ၊ မြင်နိုင်ချေမည်တကား”ဟုဆိုပါသည်။

---

၂၉-ဉာဏ်နှင့်ရှင်းရန် သံလွန်းစ ပြအံ့

ရုပ်ကလာပ်တွေ ပေါင်းစု၍ နေသောဓာတ်သဘော တွေကို သဏ္ဌာန်ကြီးဟု မှတ်ထင်ရ၏၊ စင်စစ်ကား သဏ္ဌာန်မရှိ၊ ဓာတ်သဘော အမှုအရာတွေသာ ဖြစ်သည်ဟု ကြံဖန်ခါ ဉာဏ်နှင့်ရှင်း၍ ရှုကြည့်လေ။

အဆင်းကား ဓာတ်ကြီးလေးပါးကို စွဲ၍ဖြစ်သော ဝဏ္ဏရုပ်သာဖြစ်၏၊ည့်အခါ မီးစကို ယမ်းလှည့်ရာ မီးစက်ကွင်းကြီး ထင်ရသကဲ့သို့ ရှေ့နောက်စဉ်ဆက် ဖြစ်ပျက်၍နေသည်ကို စက္ခုဝိညာဉ်ကားမမြင်၊ အဆင်းလုံးကြီးကိုသာ မြင်၍နေ၏၊ စင်စစ်ကား အဆင်းလုံးကြီးမဟုတ်၊ ဖြစ်ပျက်နေသော ဝဏ္ဏရုပ် အစုတွေသာ ဖြစ်သည်ဟု ကြံဖန်ခါ ဉာဏ်နှင့်ရှင်း၍ ရှုကြည့်လေ။

ဤကား ဉာဏ်နှင့်ရှင်း၍ရှုရန် သံလွန်စတည်း။
ရုပ်ကိုရှုကြည့်ရန် ပြဆိုသောစကားတရပ်
အပြီးသတ်သတည်း။

---

၃၀-ဝိညာဉ်ကို ဖမ်း၍ရှုရန်

မေး။ ။အကြည်ခြောက်စုံ အာရုံစိုက်ကခြောက်ဝ ဝိညာဉ်ကိုအနိစ္စထင်မြင်အောင်အဘယ်ကဲ့သို့ရှုကြည့်ရပါသနည်း။

**ဖြေ။** ။အကြည် ခြောက်စုံမှာ အာရုံဆိုက်၍ ဖြစ်လာသော ဝိညာဉ်ကို မိအောင်ဖမ်း၍ ရှုကြည့်ရပါသည်။

**မေး။** ။အဘယ်ကဲ့သို့ မိအောင်ဖမ်း၍ ရှုကြည့်ရပါသနည်း။

**ဖြေ။** ။ဖမ်းတတ်သလိုဖမ်း၍ ရှုကြည့်ရပါသည်။

ထို့ကြောင့်''အကြည်ခြောက်စုံ၊ အာရုံဆိုက်က၊ ခြောက်ဝိညာဉ်၊အစဉ်ဖြစ်မှု၊ ဖမ်းယူရှုမှ၊အနိစ္စကို၊ ဒိဋ္ဌမသွေ၊ မြင်နိုင်ချေမည်တကား''ဟုဆိုပါသည်။

---

၃၁-ဖမ်းရန်နိဿယ သံလွန်စ ပြအံ့

အဆင်းက မြင်သည့်အခါ မျက်စိက မြင်သည်မဟုတ်၊စက္ခုဝိညာဉ်ကသာမြင်၏၊ ဤစက္ခုဝိညာဉ်ကား အမြဲတည်၍နေသည်မဟုတ်၊ စက္ခု, ရူပါရုံနှစ်ပါးစုံစွဲ၍ ဖြစ်ပေါ်လာသော အနိစ္စတရားသာ ဖြစ်သည်ဟု စက္ခုအကြည်မှာ ဉာဏ်နှင့်စိုက်၍ဖမ်း၊ မမိလျှင် မိအောင်ဖမ်း၍ရှုကြည့်လေ။

သောတ ဝိညာဉ်, ဃာန ဝိညာဉ်, ဇိဝှါဝိညာဉ်, ကာယဝိညာဉ်တို့ကို ထိုနည်းအတူမိအောင် ဖမ်း၍ရှုလေ။

ကုသိုလ်စိတ်,အကုသိုလ်စိတ်ဖြစ်ပေါ်လာသည့်အခါ ဤကုသိုလ်စိတ်ကား အမြဲတည်၍ နေသည်မဟုတ်၊ ဤအကုသိုလ်စိတ်ကား အမြဲတည်၍ နေသည်မဟုတ်၊ မနော,ဓမ္မာရုံ နှစ်ပါးစုံကို စွဲ၍ဖြစ်ပေါ်လာသော အနိစ္စတရားသာဖြစ်သည်ဟု နှလုံးသွေးအစု ဟဒယဝတ္ထု

မှာ ဉာဏ်နှင့်စိုက်၍ဖမ်း၊ မမိလျှင် မိအောင်ဖမ်း၍ ရှုကြည့်လေ။

ဝိညာဉ်ခြောက်ပါးတို့ဖြစ်ပုံကို နာမ်အခဏ်းမှာပြဆိုခဲ့သောဥပမာ ဥပမေယျနှင့်တကွ ကြံဖန်၍ဖမ်း၊ မမိလျှင် မိအောင်ဖမ်း၍ရှုကြည့်လေ။

မိသည်မမိသည်ကို အဘယ်လို သိရပါသနည်း ဟူမူ

မိသည့်အခါ ဉာဏ်ထဲမှာ ရှင်းလင်း၍ သွားလိမ့်မည်၊ငါမြင်သည်, ငါကြားသည်စသော စွဲလမ်းမှုကြီး ကွာရှင်း၍ သွားလိမ့်မည်။

ရှုကြည့်သည့်အခါ မကွာမရှင်းခဲ့လျှင် မမိသေးလို့မှတ်၊နေရာမကျသေးလို့မှတ်၊ မမြင်သေးလို့မှတ်။

လွယ်သည်မထင်နှင့် အခက်ကြီး။ ။မြင်သာမြင်၍ မမိနိုင်သော ရေကြည်ငါနှင့်တူ၏။

ရုပ်နာမ်တို့၏ သဘာဝတို့ကို သိသာသိ၍ မြင်နိုင်ခဲသည်၊ ရှုကြည့်သည့်အခါ မိအောင်ဖမ်းတတ်ခဲသည်။

မယုံလျှင် ရှုကြည့်၍စမ်းလေ၊ ကိုယ်တိုင်တွေ့လိမ့်မည်။

ဤကား ဝိညာဉ်ခြောက်ဝကို ဖမ်း၍ရှုရန် သဲလွန်စ ပြချက်တည်း။

---

၃၂-အနိစ္စနှင့် အနတ္တမြင် သက္ကာယဒိဋ္ဌိစင်

မေး။ ။အနိစ္စကို မြင်လျှင် အနတ္တကို မြင်၍ သက္ကာယ ပြုတ်နိုင်ပါမည်လား။

ဖြေ။ ။အနိစ္စကို မြင်လျှင် အနတ္တကို မြင်၍ သက္ကာယ ပြုတ်နိုင်ပါသည်။

ထို့ကြောင့်“ရုပ်,နာမ်ဓမ္မ၊အနိစ္စကို၊ ဒိဋ္ဌမြင်ကာ၊ အနတ္တကို၊ မုချမြင်၍၊ ငါပင်မဟုတ်၊ နာမ်,ရုပ်နှစ်ခု၊ ဓာတ်အစုသာ၊ ဖြစ်ပါတကား၊ မြင်လုံးထွားသဖြင့်၊ သက္ကာယတရား၊ လွင့်စင်ရှားလေ၏ တကား”ဟု ဆိုပါသည်။

ထိုစကားအရ သာဓကပါဠိကား—

“အနိစ္စ သညိနော မေဃိယ အနတ္တသညာ သဏ္ဌာတိ။
အနတ္တသညိနော အသ္မိမာန သမုဂ္ဃါတံ ပါပုဏာတိ ဒိဋ္ဌေဝ ဓမ္မေ နိဗ္ဗာနံ”
(နဝင်္ဂုတ္တရပါဠိတော်။)

မေဃိယ၊ ချစ်သားမေဃိယ။ အနိစ္စ သညိနော၊ အနိစ္စဟုမှတ်ထင်သောသူအား။ အနတ္တသညာ၊အနတ္တ ဟု မှတ်ထင်မှုသည်။ သဏ္ဌာတိ၊အလိုလို တည်လာ၏။ အနတ္တသညိနော၊ အနတ္တဟု မှတ်ထင်သောသူအား။ အသ္မိမာန သမုဂ္ဃါတံ၊ ငါဟူသောမာန်မာန ကင်းပြတ်ခြင်းသို့။ ပါပုဏာတိ၊ရောက်လေတော့၏။ ဒိဋ္ဌေဝဓမ္မေ၊ ယခုမျက်မှောက်ဘဝ၌ပင်။ နိဗ္ဗာနံ၊ သဥပါဒိသေသ နိဗ္ဗာန်သို့။ ပါပုဏာတိ၊ ရောက်လေတော့၏။

---

၃၃-စူဠသောတာပန်,မဟာသောတာပန်

**မေး။** ။သက္ကာယဒိဋ္ဌိ တဒင်္ဂပဟာန် ကွာပြုတ်၍ နေသောသူကို အဘယ်ပုဂ္ဂိုလ် ခေါ်ပါ သနည်း။

**ဖြေ။** ။စူဠသောတာပန် ပုဂ္ဂိုလ်ခေါ်ပါသည်။

**မေး။** ■သက္ကာယဒိဋ္ဌိ သမုစ္ဆေဒ ပဟာန် ကွာ ပြုတ်ခဲ့လျှင် အဘယ်ကဲ့သို့ဖြစ်၍ သွားပါ သနည်း။

**ဖြေ။** ■အပါယ်တံခါးပိတ်၍ နိဗ္ဗာန်ဝင် ပုဂ္ဂိုလ် အစစ် အရိယာဖြစ်၍ သွားပါသည်။

ထို့ကြောင့်''ဒိဋ္ဌိသက္ကာယ၊ တဒင်္ဂပဟာန်၊ ကွာ ပြန်မူက၊ ရှုဋ္ဌသောတာပန်၊ သမုစ္ဆေဒပဟာန်၊ ကွာ ပြန်ငြားက၊ အပါယ်လေးပါး၊ တံခါးပိတ်၍ ၊ နိဗ္ဗာန် အဝင်၊ ဘုံစဉ်စံပုဂ္ဂိုလ်၊ ဝိသာခါလို၊ ငါတို့ဖြစ်ရ ချေ၏တကား''ဟုဆိုပါသည်။

ထိုစကားအရ သာဓကပါဠိကား—

''ဈာမိနာ ပန ဉာဏေန သမန္နာဂတော ဝိပဿကော ဗုဒ္ဓသာသနေ လဒ္ဓဿာသော လဒ္ဓပတိဋ္ဌော နိယတဂတိကော စူဠသောတာ ပန္နော နာမ ဟောတိ။''

(ဝိသုဒ္ဓိမဂ်။)

ဈာမိနာ ပန ဉာဏေန၊ ဤဝိပဿနာဉာဏ်နှင့်။ သမန္နာဂတော၊ ပြည့်စုံသော။ ဝိပဿကော၊ ဝိပဿနာ ယောဂီပုဂ္ဂိုလ်သည်။ ဗုဒ္ဓသာသနေ၊ မြတ်စွာဘုရား သာ သနာတော်၌။ လဒ္ဓဿာသော၊ ရအပ်သော သက်သာ ရာရှိသည်ဖြစ်၍။ လဒ္ဓပတိဋ္ဌော၊ ရအပ်သော ထောက် ရာ,တည်ရာရှိသည်ဖြစ်၍။ နိယတဂတိကော၊ အပါယ် မလား သုဂတိ ဘဝကိုသာ တဖြောင့်တည်းသွားသော ဂတိ ရှိသည်ဖြစ်၍။ စူဠသောတာပန္နောနာမ၊ စူဠ သောတာပန်မည်သည်။ ဟောတိ၊ ဖြစ်၏။

ရူဠ သောတာပန်ဆိုသည်ကား သောတာပန် အငယ် သောတာပန် အလောင်း-သောတာပန်ကြီး ဖြစ်လုဖြစ်ခါနီး ဆိုလိုသည်။

---

## ၃၄-ပညာရှိတို့ သတိမူရန်

ဝိပဿနာတရားကို မြင်လုံးထွားအောင် ပွားများမှုသည်ကား နိဗ္ဗာန်ရောက်ကြောင်း ခရီးဟောင်း အမျိုးမျိုးတွင် လမ်းတိုလမ်းဖြောင့် ဖြစ်သတည်း၊သို့ပင်ဖြစ်သော်လည်း ဉာဏ်၏အလုပ်ဖြစ်သောကြောင့် လူတိုင်း နားမလည်ပြီ၊နားလည်သော်လည်းနိဗ္ဗိန္ဒအလုပ်ဖြစ်သောကြောင့် လူတိုင်းမလုပ်နိုင်ပြီ၊သို့ဖြစ်၍ မျောက်အိုးသီးရသကဲ့သို့ခွဲလည်းမစားတတ်၊အရသာကိုလည်းမသိ၊ အကြိုကလည်း မထိ၊ ဉာဏ်ကလည်း တုံးတိ၊ ဗာလာနံ အကန်းအတိဖြစ်ကြ၍ ဓမ္မနှင့်ဝေး သံသရာ ဈေးကြောင်းပေါက် ရှေ့မထောက် နောက်မမြော် အဘော်တွေတရုံးရုံးနှင့် တပြိုးပြိုးပျော်မြူး၍ မူးမေ့ကာနေကြလေသတည်း၊ အများပင် ရှုးကြသော်လည်း ကိုယ်ကရော၍ မရူးလေနှင့် ဆိုလိုသည်။

> ထို့ကြောင့်"မတွေ့မထောင့်၊လမ်းဖြောင့်တရား၊
> တွေ့ပါသနှင့်၊အများရူးတိုင်း၊နင်မရူးနှင့်၊ထူးသည့်
> အခါ၊ဝိပဿနာကို၊ ခါခါပွားမှ၊သွားမည့်သံသရာ၊
> အစဉ်ပါမည်၊နင်သာသတိထား"ဟု ဆိုပါသည်။

နာမ်ရုပ်ဓမ္မ သဘာဝကို ဒိဋ္ဌမြင်ရန် ကြံဖန်စေ့စိုက်၍ရှုသော ဝိပဿနာအလုပ်ကား နိဗ္ဗာန်ရောက်ကြောင်းတရားတွင် မဂ်တံခါးအဖွင့် အကျင့်တွင်အချုပ်

အလုပ်တွင်အသာ ပါရမီတွင်အမြွတ်ဆုံး၊ ဤကဲ့သို့နှလုံးထားတော်မူ၍—

> ပညဝါ ဟိ ပုရိသော ဝိပဿနံ ဝဍ္ဎေတွာ
> အရိယ မဂ္ဂ ဒွါရံ ဝိဝရိတွာ အမတ နိဗ္ဗာနံ
> ပဝိသိဿတိ။သာဝကပါရမိမ္ပိ ပစ္စေကဗောဓိမ္ပိ
> သမ္မာသမ္ဗောဓိမ္ပိ ပဋိဝိဇ္ဈိဿတိ။ အမတမဟာ-
> နိဗ္ဗာန သမ္ပာပကေသု ဟိ ဓမ္မေသု ပညာဝ
> သေဋ္ဌာ၊ အဝသေသာ တဿ ပရိဝါရာ
> ဟောန္တိ။ (သုတ္တနိပါတ်အဋ္ဌကထာ။)

ဟိ၊ ထင်စွာပြဦးအံ့။ ပညဝါ၊ပညာရှိသော။ပုရိသော၊ယောကျ်ားသည်။ ဝိပဿနံ၊ ဝိပဿနာကို။ ဝဍ္ဎေတွာ၊ ပွားစေ၍။ အရိယမဂ္ဂဒွါရံ၊ အရိယမဂ်တည်းဟူသော တံခါးကို။ ဝိဝရိတွာ၊ ဖွင့်လှစ်၍။ အမတနိဗ္ဗာနံ၊အမြိုက်နိဗ္ဗာန်သို့။ ပဝိသိဿတိ၊ဝင်ရလတ္တံ့။ သာဝကပါရမိမ္ပိ၊ သာဝကပါရမီဉာဏ်ကိုလည်း။ ပစ္စေကဗောဓိမ္ပိ၊ ပစ္စေကဗောဓိဉာဏ်ကိုလည်း။ သမ္မာသမ္ဗောဓိမ္ပိ၊ သမ္မာသမ္ဗောဓိဉာဏ်ကိုလည်း။ ပဋိဝိဇ္ဈိဿတိ၊ ထိုးထွင်း၍သိရလတ္တံ့။ ဟိ-သစ္စံ၊ မှန်၏။ အမတမဟာနိဗ္ဗာန သမ္ပာပကေသု၊ အမြိုက်နိဗ္ဗာန်သို့ ရောက်စေကုန်သော။ ဓမ္မေသု၊ တရားတို့တွင်။ ပညာဝ၊ ဝိပဿနာပညာပါရမီသည်သာလျှင်။ သေဋ္ဌာ၊ အမြွတ်ဆုံးပေတည်း။ အဝသေသာ၊ ကြွင်းသောပါရမီတို့သည်။ တဿ၊ ထိုဝိပဿနာပညာပါရမီ၏။ ပရိဝါရာ၊ အခြံအရံတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

စာကြည့်၍သော်လည်း,သူတပါး ပြောဟော၍သော်လည်း သိသောဉာဏ်ကို သုတမယဉာဏ်ခေါ်သည်၊ကိုယ်

တိုင်ကြီးဖန်၍ သိသောဉာဏ်ကို စိန္တာမယဉာဏ်ခေါ်သည်၊ ဝိပဿနာရှုကြည့်မှုတို့ကား စိန္တာမယဉာဏ်အချက်တို့သာ ဖြစ်သတည်း။

လယ်တီဆရာတော် ဘုရားကြီး စီရင်တော်မူသော စာအုပ်များမှာ ဝိပဿနာရှုကြည့်ရန် ရေးသားသော အချို့သောတရားများသည် စိန္တာမယဉာဏ်ဖြင့်သိအပ်သော တရားတွေသာတည်း၊ အချို့သောသူတို့က ပါဠိမပါသောကြောင့် ပေါ့ပြက်ပြက် ရှိသည်ဟု ဆိုကြ၏၊ ပါဠိတိုက်ရိုက်ရှိသောတရားကိုသိလျှင် စိန္တာမယဉာဏ်မဖြစ်၊သုတမယဉာဏ်သာဖြစ်၏၊ စိန္တာမယဉာဏ်မဖြစ်က ဝိပဿနာဉာဏ်အစစ်သို့မဆိုက်၊ ဝိပဿနာဉာဏ်အစစ်သို့ မဆိုက်က အမြိုက်နိဗ္ဗာန်နှင့် အဝေးကြီးသက္ကာယဒိဋ္ဌိစီး၍ အချည်းနှီးအလကား တစ္ဆေနယ်သားမဖြစ်ရအောင် အားသစ်ရမည် ဆိုလိုသည်။

ကိုယ့် စိန္တာမယဉာဏ်နှင့်လည်း မသိ၊ သူတပါး စိန္တာမယဉာဏ်နှင့် သိအပ်သော တရားစာကိုလည်း မကြည့်ချင်၊ စိတ်ကြီးဝင်၍နေသောသူများသည် မဟာအမှားကြီးပေတည်း။

ဤတွင် ပညာရှိသူတို့ သတိမူရန်
စကားတချပ် အပြီးသတ်သတည်း။
တိုက်ဘွန်းခဏ်း ပြီး၏။

---

## နိဂုံး

သဲဖြူချောင်းကိုအစွဲပြု၍ သဲဖြူ၊မုံရွာ လယ်တီဂိုဏ်း၏အဆက်အနွယ်ဖြစ်၍ လယ်တီ၊ တောကျောင်းဖြစ်၍

တောရကျောင်း၊ ပေါင်းသော်(သဲဖြူ-လယ်တီ-တောရကျောင်း)သဲဖြူလယ်တီ တောရကျောင်း၌ သီတင်းသုံးနေထိုင်သောငါသည် စီရင်အပ်သော ဝိပဿနာလက်စွဲကျမ်းကို ၁၂၇၀-ပြည့် တော်သလင်းလဆုတ် ၅-ရက်နေ့တွင် စီရင်ပြုအပ် အပြီးသတ်သတည်း။

ထို့ကြောင့် "သဲဖြူလယ်တီ၊ တောရမှီသည့်၊ မထေရ်ငါသည်၊ စီရင်အပ်သော၊ ဝိပဿနာ၊ ကဗျာသုံးဆယ်၊ ဝါလယ်တော်သလင်း၊ လ-အတွင်းဝယ်၊ ခုနစ်ဆယ်ပြည့်၊ ဤတွင်၍လျှင်၊ ပြီးအောင်မြင်၏ တကား"ဟု ဆိုသတည်း။

ဝိပဿနာလက်စွဲ ပြီးပြီ။

## လယ်တီဆရာတော် ဆုံးမစာ

၁။ ဆိုပိမ့်မည့်၊ စွေစွေနာလော့၊ ဂင်္ဂါသဲမျှ၊ ပွင့်ကုန်ကြသား၊ဘုရားသာသနာ၊ ခေတ်အခါဝယ်၊လူ့ရွာနတ်၌၊ နင်ကြုံကြိုက်လည်း၊ အမိုက်မချွေ၊ အလိုက်နေ၍၊ အခြေမကြီး၊ အချည်းနှီးလျှင်၊ ရီးတီးယောင်တောင်၊ ခုတိုင်အောင်တည့်။

၂။ သန်းခေါင်လကွယ်၊ တောအုပ်လယ်၌၊ ရှစ်နယ်ပတ်ကုံး၊ အပြည့်ဖုံးသည်၊ မိုယ်းလုံးတိန်တိုက်၊လျှပ်မကြိုက်သား၊ အမိုက်အပြား၊ အင်လေးပါထက်၊ နင်ကား ရာထောင်၊ မကမှောင်၏။

၃။ လူ့ဘောင်-လူ့ရွာ၊ သာသနာ၌၊ ကြမ္မာတော်၍ ယခုတွေ့လည်း၊ အလေ့မလွှဲ၊ အများနှဲလျှင်၊ မိုက်မြဲနှင်နှင်၊ မိုက်စရှင်၏။

၄။ မျက်မြင်လောက၊ ဤဘဝကား၊ ဒုက္ခစင်းစင်း၊ ချမ်းသာကင်း၏။


၅။ သေမင်းအစာ၊ နင့်ခန္ဓာကို၊ တဏှာဘီလူး၊ အမှောင့်ပူး၍၊ အရူးပြင်ပြင်၊ နင့်ကိုယ်ထင်၏။

၆။ နင်နှင့်မဆိုင်၊ နင်ပိုင်မဟုတ်၊ နင့်ရုပ်-နင့်နာမ်၊ နင့်သဏ္ဍာန်ကို၊ နင့်ဉာဏ်မရှုး၊ အပေါ်ဖြူး၍၊ မူးမူးမေ့မေ့၊ အများလေ့ဖြင့်၊ နေ့ရက်အပုံ၊ လွန်ခဲ့တုံပြီ။

၇။ အာရုံဝတ္ထု၊ မီးစာစုကို၊ မှုမှုရရှ်း နင်အားကျလည်း၊ ထားပြသေမင်း၊ သူ့တပ်နင်းက၊ မငြင်းဆန်သာ၊ နင့်ခန္ဓာသည်၊ ပြာပုံအဖြီး၊ ဖြစ်လှူနီးပြီ။

၇။ ရိုးတီးရားတား၊ သေ၍ သွားလည်း၊ တရားမကြွယ်၊ အထုပ်ငယ်လျက်၊ အပါယ်စခန်း၊ သွားမြဲလမ်း၌၊ တပန်းဟိုက်ဟိုက်၊ တရှိုက်ငင်ငင်၊ တငြင်ငြို့ငြို့၊ဆင်းရဲပို့လျက်၊ ထိုထိုဘဝ၊ အနန္တလျှင်၊ အစမဆုံး၊အများထုံးတည်း။

၈။ အနှုန်းမပျက်၊ အောက်နရက်ဝယ်၊ တသက်နွယ်နွယ်၊ အမြစ်တွယ်သို့၊ အပါယ်ထိုထို၊ဥဒဟိုသည်၊ နင်လိုလူမိုက်၊ သွားလမ်းတည်း။



ဟံသာဝတီစာအုပ်တိုက်
၃၅၇-ဗိုလ်အောင်ကျော်လမ်း၊ ရန်ကုန်မြို့။

ကအုပ် ၅၀-ပြား